www.burmeseclassic.com

# ဖင်ဝိညာဉ်

BURMESE CLASSIC

ပန်းကိုးပွင့်

စာအုပ်တိုက်

ဝင

ဒဂဝိမ်းမ

www.burmeseclassic.com

www.burmeseclassic.com

# မအိုစာ

## အစိမ်းမ

ထုတ်ဝေသူ — ဦးအောင်စိုး (ခုနစ်စဉ်ကြယ်စာပေ)
(၁၈၂)၊ (၃၁)လမ်း၊ ပန်းဘဲတန်းမြို့နယ်။
အတွင်းနှင့်အဖုံးပုံနှိပ်သူ — ဦးဖေမျိုးဦး (အောင်မြင့်မိုရ်ပုံနှိပ်တိုက်)
(၁၂၉၉)၊ အောင်သုခ ၂၇-လမ်း၊
၆-ရပ်ကွက်၊ သာကေတ၊ ရန်ကုန်မြို့။
ထုတ်ဝေခြင်း — ပထမအကြိမ်
၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ
အုပ်ရေ — ၅၀၀
တန်ဖိုး — ၁၅၀၀ ကျပ်
ဖြန့်ချိရေး — ရွှေမင်းသမီးစာပေ၊
ဖုန်း – ၀၉၄၅၀၃၃၁၅၂၊ ၀၁-၄၀၀၆၇၄

၈၉၅-၈၃
မအိုစာ
အစိမ်းမ/မအိုစာ-ရန်ကုန် ။
ရဲအောင်စာပေ၊ ၂၀၁၅
၁၅၂ စာ၊ ၁၃ ၂၁ × ၂၀ ၈၃ စင်တီ၊
(၁) အစိမ်းမ

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁)

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# တောင်ကြီးမြို့မီးပုံးပျံပွဲ

**မီးရောင်ခြည်တွေ** ... တိုးကြိတ်ပြည့်နှက်နေတဲ့ လူတွေနဲ့ မီးပုံးပျံပွဲဝင်းကြီးတစ်ခုလုံး စည်ကားနေတယ်။

ကွင်းကြီးရဲ့အလယ် မီးပုံးလွှတ်ရာနေရာမှာတော့ အိုးစည်ဗုံမောင်းသံတွေနဲ့အတူ အလှည့်ကျရာအဖွဲ့က မီးကျည်လွှတ်ဖို့ ပြင်ဆင်နေကြတယ်။



ကွင်းအလယ်နဲ့ ဝေးတဲ့ ကုန်းမြင့်တစ်ခုပေါ်မှာတော့ ကားတွေ စီတန်းရပ်ထားတယ်။

ထိုကားတွေဘေးမှာလည်း အခင်းကိုယ်စီနဲ့ ထိုင်ကြည့်နေသူတွေက အပြည့်အသိပ် ခြေချစရာနေရာပင်မရှိ။

ဈေးဆိုင်တန်းတွေကလည်း နေရာအနှံ့အပြား အစီအရီ။

ကားတစ်စီးရဲ့အပေါ်မှာတော့ မိသားစုတစ်စုဟာ ပျော်ရွှင်စွာ သောက်စားနေကြတယ်။

"ညဉ့်နက်လာတာနဲ့အမျှ ...

တအားအေးလာပြီဟေ့၊ ဘီယာလေး, ဝိုင်လေး

သောက်ကြရင်ကောင်းမယ်"

ယောက်ျားတစ်ယောက်ရဲ့အပြောကြောင့် အသက်လေးဆယ်ကျော် အမျိုးသမီးတွေက ...

"ငါတို့ကတော့ ဝိုင်ပဲ သောက်မယ်၊

တို့ဟူးခေါက်ကြော်နဲ့ပဲ အမြည်းလုပ်မယ်ဟေ့"

လို့ ပြန်ပြောပြီး ဝိုင်းဖွဲ့သောက်ကြပြန်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ကားရဲ့ရှေ့ခန်းထဲ ထိုင်နေတဲ့ မနှင်းဆီတစ်ယောက် အဒေါ်တွေရဲ့ဆွဲခေါ်မှုကြောင့် အနောက်ခန်း ကူးလာရတယ်။

အဒေါ်တွေပေးတဲ့ ဝိုင်ခွက်ကို မော့သောက်ရင်း ရာသီဥတုရဲ့အအေးဒဏ်ကို ခံနိုင်ရည်ရှိအောင် ကြိုးစားနေရတယ်။

"ဟိုမှာ မီးပုံးတက်တော့မယ်၊

ကြည့်ရတာ ... မီးကျည်ထင်တယ်ဟေ့၊

ညဦးပိုင်းက လွှတ်တဲ့ စိန်နားပန်က သိပ်လှတယ်၊

ဒီတစ်လုံးက နောက်ဆုံးထင်တယ်၊

ဘယ်နှနာရီ ရှိပြီလဲဟေ့"

"မနက် သုံးနာရီကျော်နေပြီ၊

ဒါပြီးရင် ပြန်ကြမယ်"

အဒေါ်တွေနဲ့ဦးလေးဖြစ်သူတို့ရဲ့အသံတွေက မနှင်းဆီရဲ့နားထဲ မကြားတစ်ချက် ကြားတစ်ချက်။

သူမ ဝိုင်သောက်လိုက်တာ ငါးခွက်ရှိပြီ။

သောက်လေ့သိပ်မရှိတာကြောင့် ခေါင်းထဲ အတော်ကြီး



မိုက်နေသလို ခံစားနေရတယ်။

"ဟဲ့ နှင်းဆီ ... ငြိမ်လှချည်လား၊

စကားလေး, ဘာလေး ပြောပါဦးအေ၊

တို့တွေဖြင့် စကားပြောရတာ အာညောင်းနေပြီ၊

ညည်းပဲ တေမိလုပ်နေတာ"

အဒေါ်အကြီးဆုံးရဲ့အပြောကြောင့် သူမ မျက်လုံးကို အားယူဖွင့်ရင်း ...

"ဂျိုးတိုက်တဲ့ ဝိုင်တွေသောက်ပြီး အတော်မူးနေပြီ၊

မပြန်သေးဘူးလား ဂျီးရဲ့၊

နှင်းဆီ အပေါ့သွားချင်လို့"

လို့ ပြောလိုက်တဲ့အခါ အဒေါ်ငယ်က ...

"ဒီတစ်လုံးပြီးရင်တော့ ပြန်ကြမယ်လေ၊

ပွဲခင်းထဲလည်နေတဲ့ နှင့်ညီမနှစ်ယောက်ကိုလည်း ဖုန်းဆက်ခေါ်ထားတယ်၊

လာ ... ငါလည်း အပေါ့သွားချင်နေတာ၊

www.burmeseclassic.com

www.burmeseclassic.com



အတူသွားကြမယ်”

အဒေါ်ငယ်နဲ့ မနှင်းဆီဟာ အပေါ့သွားဖို့အတွက် သစ်သားအိမ်သာလေးတွေရှိတဲ့ဘက် ထွက်ခဲ့ကြတယ်။

“ဘယ့်နှယ်တော် ... ပွဲခင်းထဲ အိမ်သာဆောက်ထားပြီး

အားလုံး သော့တွေခတ်ထားပါလား၊

ဒီမှာက ထွက်ကျတော့မယ်၊

ငါက ဆီးသိပ်ထိန်းနိုင်တာ မဟုတ်ဘူး၊

လာ ... လာ ... ချုံတိုးမှ ရတော့မယ်”

အဒေါ်ငယ်က တဖျစ်တောက်တောက် ရေရွတ်ရင်း ကားတွေရဲ့နောက် ချုံပုတ်တွေဆီ ခေါ်သွားပြန်တယ်။

အဒေါ်ညွှန်ပြတဲ့နေရာကိုကြည့်ပြီး မနှင်းဆီက ...

“အာ ... အန်တီငယ်ကလည်း

ဒီကားနောက်ကြီးမှာ အပေါ့သွားရမှာလား၊

ကားရှေ့မှာ လူတွေဖြတ်သွားနေတဲ့ဟာကို၊

နှင်းဆီ ဟိုဘက်ပဲ သွားလိုက်မယ်”



လို့ ပြောပြီး ချုံတွေများတဲ့ ရထားလမ်းဘက် သွားလိုက်တယ်။

ဒီနေရာက အဒေါ့်နေရာထက်စာရင် မှောင်ရိပ်ကျတယ်။

သံလမ်းဘေးမှာ ဟိုင်းလပ်ကားအမြင့်ကြီးတစ်စီး ရှိနေပေမယ့် ကားရှေ့က ဖြတ်သွားတဲ့လူမရှိဘူး။

ဝိုင်အရှိန်ကြောင့် သူမခေါင်းထဲ သိပ်မူးနေသလို ဆီးလည်း သွားချင်နေပြီ။

ဒါ့ကြောင့် ကားရဲ့နောက် သံလမ်းဘေးမှာပဲ ကိုယ့်ကိစ္စကို ရှင်းလိုက်ရတယ်။

အပေါ့သွားပြီး ပြန်အထမှာတော့ သူမခေါင်းထဲ တအားမူးသွားပြီး ကိုယ်မထိန်းနိုင်ဘဲ နောက်ပြန်လန်ကျသွားတော့တယ်။

ခေါင်းထဲ ဆစ်ခနဲ နာကျင်မှုနဲ့အတူ ရုတ်တရက် သူမ ပြန်မထနိုင်ဘူး။

ဒီအချိန်မှာပဲ အဒေါ်ဖြစ်သူ အနားရောက်လာတယ်။

www.burmeseclassic.com

www.burmeseclassic.com



"နှင်းဆီ ... ဟဲ့ နှင်းဆီ ...

ဟင် ... နင် ဘာဖြစ်တာလဲ ...

ထ ... ထ"

လဲနေတဲ့ သူမ ... ခေါင်းက ကားကြီးရဲ့အောက်ထဲ ရောက်နေတာမို့ အဒေါ်က အသည်းအသန် ဆွဲထုတ်ရတယ်။

"အား ... အပေါ့သွားပြီး ပြန်အထ ...

ခြေချော်ပြီး နောက်ပြန်လဲကျသွားတာ၊

ကျွတ် ... ကျွတ် ...

ခေါင်းထဲက နည်းနည်းနာတယ်"

"ဟင် ... နာတယ် ဟုတ်လား၊

လာ ... လာ ... ငါ ဆွဲထူပေးမယ်"

ဒေါ်မြခက်က သူမကို ကားအောက်က ဆွဲထုတ်ပြီး ထူမ,ပေးလိုက်တယ်။

ဒေါ်မြခက်ဟာ မနှင်းဆီရဲ့ခေါင်းနောက်စေ့ဘက်ကို ကိုင်ကြည့်လိုက်တယ်။



ဒေါ်မြခက်တစ်ယောက် လက်မှာ စေးပျစ်ပျစ်ကြီး ဖြစ်သွားတာကြောင့် မျက်လုံးပြူးသွားပြီး ...

"လာ ... လာ ... နှင်းဆီ၊

ဒီနေရာက တအားမှောင်နေတယ်၊

သံလမ်းဘေးလည်း ဖြစ်နေတယ်၊

ကားဆီ သွားရအောင်"

ဒေါ်မြခက် တူမဖြစ်သူကို တွဲပြီး ကားဆီ သွက်သွက် လျှောက်ခဲ့တယ်။

သူမစိတ်မှာတော့ စိုးရိမ်စိတ်က လိုက်တက်နေပြီ။

ကားနားရောက်တာနဲ့ ...

"အစ်မကြီးရေ ... လာကြပါဦး၊

နင့်တူမခေါင်းမှာ သွေးတွေ"

□□□

www.burmeseclassic.com

www.burmeseclassic.com

# မနှင်းဆီ ... ဘာလောက်ကြိုက်မလဲ?

## အပိုင်း (၂)

www.burmeseclassic.com

www.burmeseclassic.com

ဒေါ်မြခက်ရဲ့အော်သံကြောင့် ကားပေါ်ရှိ

လူအားလုံး အထိတ်တလန့် ဖြစ်ကုန်တယ်။

"ဟာ ... ဘာဖြစ်တာလဲ၊

နှင်းဆီက ဘာလို့ သွေးထွက်တာလဲ"

အဒေါ်အကြီးဆုံးရဲ့ အထိတ်တလန့်အသံကြောင့် ...



"အပေါ်သွားရင်း လဲကျတာ၊

ငါထင်တာတော့ ကားကြီးရဲ့အိပ်ဇောနဲ့

အရှိန်နဲ့ ဆောင့်မိပြီး ခေါင်းကွဲပြီ ထင်တာပဲ၊

အခု ... သွေးတွေ ပိုထွက်လာပြီ"

"ဟင် ... ဒါဆို ဘယ်ဖြစ်မလဲ၊

ဆေးရုံအမြန်သွားမှဖြစ်မယ်၊

လူတွေအားလုံး စုံပြီလား ... အမြန်တက်ကြ"

ဦးလေးရဲ့အသံကြောင့် အားလုံး ကားပေါ်တက်လိုက်ကြတယ်။

မနှင်းဆီတစ်ယောက် ခေါင်းက သွေးထွက်တဲ့အရှိန်နဲ့ မူးနေပြီ။

"အ ... ဂျိး ... ဂျိး ... အရမ်းမူးတယ်၊

မျက်လုံးထဲ ဘာမှမမြင်ရတော့ဘူး"

အဒေါ်အကြီးဆုံး ဒေါ်မြပွင့်က တစ်ရှူးလိပ်ကို ဆွဲယူပြီး မနှင်းဆီရဲ့ဒဏ်ရာကို ဖိထားပေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



သူ့ပေါင်ပေါ်မှာ မှီခိုင်းထားတဲ့အတွက် ထဘီတစ်ထည်လုံး သွေးတွေစိုရွှဲနေပြီ။

ဒေါ်မြပွင့်လည်း စိတ်ပူဆောကပ်သွားပြီး ...

"ကားကို အမြန်မောင်းကြပါဟဲ့၊

ဒီမှာ သွေးတွေ တအားထွက်နေပြီ၊

နှင်းဆီ ... နှင်းဆီ ...

စိတ်ကို တင်းထား ... ဘာမှမဖြစ်ဘူး သိလား၊

ဆေးရုံရောက်တော့မယ်နော်"

လို့ စိုးရိမ်တကြီး ပြောလိုက်တယ်။

ဦးသက်မောင်လည်း ကားကို မိုင်ကုန်တင်ပြီး မောင်းတဲ့အတွက် မကြာမီအချိန်မှာပဲ စပ်စံထွန်းဆေးရုံကြီးကို ရောက်ရှိခဲ့တယ်။

အရေးပေါ်ရှေ့ ကားရပ်ပြီး တာဝန်ကျဆရာတွေကို ပြေးခေါ်လိုက်တယ်။

မကြာခင်ပဲ ... တွန်းလှည်းနဲ့အတူ သူနာပြုဆရာမ



ဝါလာတယ်။

"လှည်းပေါ်ကို ဖြည်းဖြည်းတင်၊

သွေးထွက်လွန်နေတယ်၊

ပက်လက်မထားနဲ့၊

ခေါင်းကို စောင်းထားလိုက်"

တွန်းလှည်းပေါ် တင်နေစဉ်မှာပဲ မနှင်းဆီတစ်ယောက် သတိလစ်ချင်သလို ဖြစ်သွားတယ်။

ဒါကို ရိပ်စားမိတဲ့ အဒေါ်ငယ်က သူမရဲ့ကိုယ်ကို ဆွဲကိုင်လှုပ်ရင်း ...

"နှင်းဆီ ... နှင်းဆီ ... သတိထားစမ်း၊

ဆေးရုံရောက်နေပြီ ... နင် ဘာမှမဖြစ်ဘူး"

လို့ အသံကုန်အော်ပြောလိုက်ခါမှ 'အင်း' ...ခနဲ ညည်းညူပြီး ပြန်လှုပ်ရှားလာတယ်။

တွန်းလှည်းသံက ဆေးရုံကြီးထဲ တဂျိမ်းဂျိမ်းမြည်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



"အား ... မူးတယ် ... မူးတယ်၊

မရတော့ဘူး၊ ဘာမှမမြင်ရဘူး၊

ဂျီးရေ ... ဂျီး"

မနှင်းဆီတစ်ယောက် အဒေါ်အကြီး ဒေါ်မြပွင့်ကို

တ,ရင်း ညည်းညူနေရှာတယ်။

ပြင်ပလူနာဆောင်ဘက်ရောက်တော့ တာဝန်ကျဆရာ

ဝန်က မနှင်းဆီရဲ့ဦးခေါင်းဒဏ်ရာကို ကြည့်ရှုတယ်။

မှုခင်းလူနာဖြစ်တဲ့အတွက် အိမ်သားတွေကို မေးမြန်းပြီး

မှတ်တမ်းရေးတယ်။

"ဒဏ်ရာက တစ်လက်မလောက်ပဲ ရှိပါတယ်၊

ဒါပေမဲ့ ... သွေးထွက်လွန်နေတယ်၊

အမြန်ဆုံးချုပ်မှဖြစ်မယ်၊

မေးနိုင်ကာကွယ်ဆေးလည်း ထိုးရမယ်"

ဆရာဝန်က ထိုသို့ပြောပြီး မနှင်းဆီရဲ့ဦးခေါင်းဒဏ်ရာ

ကို ချုပ်ဖို့ စတင်လိုက်တယ်။



လူနာခုတင်ပေါ်မှာရှိနေတဲ့ မနှင်းဆီကို မှောက်စေပြီး

စတင်ချုပ်တယ်။

အစိမ်းချုပ်,ချုပ်ရတဲ့အတွက် နာကျင်လွန်းတဲ့အတွက်

သူမ တွန့်တွန့်လူးအောင် အော်ဟစ်ရုန်းကန်နေရရှာတယ်။

အိမ်သားတွေက သူမရဲ့တစ်ကိုယ်လုံးကို ချုပ်ကိုင်ထိန်း

ထားပေးရတယ်။

ဒဏ်ရာကို သုံးချက်ချုပ်ပြီးတော့ ဆရာဝန်က ပတ်တီး

စီးပေးတယ်။

သူမတစ်ကိုယ်လုံး သွေးတွေ ရွှဲနစ်နေတဲ့အတွက် အဒေါ်

အကြီးဆုံးက အသင့်ပါလာတဲ့ အနွေးထည်နဲ့ လဲလှယ်ပေးရ

တယ်။

မနှင်းဆီတစ်ယောက် သွေးထွက်လွန်ထားတဲ့အရှိန်နဲ့

ဆာ ခေါင်းကို အစိမ်းချုပ်ခံထားရတဲ့အတွက်ပါ မလှုပ်နိုင်ရှာ

တော့ဘူး။

"လူနာကတော့ စိုးရိမ်စရာမရှိတော့ပါဘူး၊

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ... ဦးခေါင်းကို ဓာတ်မှန်ရိုက်ဖို့တော့

လိုမယ်၊ အခန်းတစ်ခန်းယူပြီး နားနေလို့

ရပါပြီ၊ ခြောက်နာရီထိုးရင်တော့ ...

ဓာတ်မှန်ခန်းသွားလိုက်ပါ”

ဆရာဝန်က ထိုသို့ပြောရင်း ဆေးမှတ်တမ်းရေးလိုက်တယ်။

ဒေါ်မြပွင့်တို့လည်း အခန်းတစ်ခန်း အားချင်းယူပြီး လူနာကို ရွှေ့ဖို့ပြင်ကြတယ်။

အခန်းနံပါတ် (၁၇) ... သန့်ရှင်းနေတဲ့ အခန်းထဲမှာ လူနာခုတင်နှစ်လုံးနဲ့ ခုံတန်းရှည်နှစ်လုံး ရှိနေတယ်။

ဆေးရုံဝန်ထမ်းနဲ့အိမ်သားတွေ ဝိုင်းကူပြီး မနှင်းဆီကို လူနာခုတင်ပေါ် တင်လိုက်ကြတယ်။

သူမရဲ့ခုတင်က ပြတင်းပေါက်ဘေးမှာ ...

ထောင့်ဆုံးခုတင်လို့ ပြောရင်လည်း ရသလို ... ခုတင်ခြေရင်းရဲ့ဘေးမှာ ဝရန်တာကိုထွက်တဲ့ တံခါးမကြီးလည်း



ရှိနေတယ်။

အချိန်က မနက်ငါးနာရီကျော်ပြီဖြစ်တဲ့အတွက် အိမ်သားတွေ ပြန်သွားကြပြီ။

ဒေါ်မြပွင့်နဲ့ဖိုးလေးကီးသာ လူနာစောင့်ကျန်ရစ်ခဲ့တယ်။

ဒေါ်မြပွင့်တစ်ယောက် ဒဏ်ရာအရှိန်နဲ့ မှိန်းနေတဲ့ တူမဖြစ်သူကို စိုးရိမ်စိတ်နဲ့ ဘုရားစာ တတွတ်တွတ်ရွတ်ရင်း ထိုင်စောင့်နေရှာတယ်။

❒ ❒ ❒

www.burmeseclassic.com

www.burmeseclassic.com

# ဈေးရုံပေါ်မှာ ... ဘာဆက်ဖြစ်မလဲ?

## အပိုင်း (၃)

www.burmeseclassic.com

www.burmeseclassic.com

# နံနက် (၆) နာရီ။

တာဝန်ကျဝန်ထမ်းက ဝိုးချဲနဲ့ မနှင်းဆီကို လာခေါ်တယ်။

ဆေးရုံကြီးရဲ့ခတ်လှေကားနဲ့ အောက်ကိုဆင်းပြီး ခတ်မှတ်ခန်းဆီ ခေါ်ဆောင်သွားတယ်။



ထိုအချိန် မနှင်းဆီတစ်ယောက် ခေါင်းထဲက တအားမူးနောက်ပြီး လက်တွေ ဆတ်ဆတ်တုန်နေပြီ။

"ဂျီး ... အန် ... အန်ချင်တယ်"

သူမ အားယူပြီး ပြောလိုက်မိတယ်။

"ဟင် ... အန်ချင်တယ် ဟုတ်လား၊

ဆရာကြီး ... လုပ်ပါဦး ...

ကျွန်မ့တူမလေး အန်ချင်လို့တဲ့"

ဒေါ်မြပွင့်က ဝန်ထမ်းကို လှမ်းပြောလိုက်တယ်။

ဝန်ထမ်းက ခတ်မှန်ခန်းရဲ့ မနီးမဝေးမှာရှိတဲ့ စင်ဝင်အောက်ဆီ ဝိုးချဲကို တွန်းသွားပေးတယ်။

စင်ဝင်ရဲ့အစပ်ကိုရောက်တော့ မနှင်းဆီဟာ မျက်လုံးဆောင်မဖွင့်နိုင်ဘဲ ဝေါ ... ခနဲ အန်ချလိုက်တယ်။

သူမ အန်လို့ဝမှ ဝန်ထမ်းက ခတ်မှန်ခန်းဆီ ပြန်ခေါ်သွားတယ်။

ခတ်မှန်ခန်းမှာ လူရှင်းနေတဲ့အတွက် သူမကို

www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်း ဓာတ်မှန်ရိုက်ပေးနိုင်တယ်။

ဓာတ်မှန်ရိုက်ပြီး အခန်းဆီ ပြန်တဲ့အခါ ...

"ဂျီး ... ဗိုက်နာတယ် ...

အိမ် ... အိမ်သာပို့ပေးပါ"

မနှင်းဆီရဲ့အပြောကြောင့် ဒေါ်မြပွင့်က ဂိုးချဲတွန်းပေး

တဲ့ ဝန်ထမ်းကို လှမ်းကြည့်လိုက်တယ်။

ဝန်ထမ်းက ဒေါ်မြပွင့်ကို နားလည်ဟန်နဲ့ ...

"ရပါတယ် အဒေါ် ... လူနာက

လမ်းမှမလျှောက်နိုင်ပဲ၊ ကျွန်တော်

အိမ်သာရှေ့ထိ ပို့ပေးပါ့မယ် ... အားမနာပါနဲ့"

ဝန်ထမ်းက ထိုသို့ပြောပြီး အိမ်သာအဝထိ ပို့ပေးတယ်။

ဒေါ်မြပွင့်က တူမဖြစ်သူကို အထဲထိ တွဲခေါ်သွားပေး

လိုက်တယ်။

"သတိထားပြီး ထိုင်နော် တူမလေး၊

ပြီးရင် ... လှမ်းခေါ်လိုက်"



မနှင်းဆီတစ်ယောက် အိမ်သာတက်နေစဉ်မှာပဲ ခေါင်း

ထဲက ပိုပြီး မူးဝေလာတယ်။

ကိစ္စပြီးလို့ ပြန်ထလိုက်ချိန်မှာတော့ မျက်လုံးထဲ မှောင်

မိုက်သွားပြီး ...

"ဝုန်း"

"ဟဲ့ ... နှင်းဆီ ... နှင်းဆီ၊

ဟင် ... လဲကျနေပြီ၊

နှင်းဆီ သတိထားစမ်း ... နှင်းဆီ"

ဒေါ်မြပွင့်က အိမ်သာထဲ အရုပ်ကြိုးပြတ်သလို လဲကျ

နေတဲ့ မနှင်းဆီကို ပွေ့ထူရင်း အသံကုန်အော်ခေါ်လိုက်တယ်။

'ဟင်း' ... ခနဲ အသံနဲ့အတူ သူမ အသိပြန်ဝင်လာတယ်။

"ကံကောင်းလို့ နှင်းဆီရယ်၊

အိမ်သာထဲ ချော်ထပ်လဲရင်

ခေါင်းက ထပ်ပြီး ထိဦးမှာ၊

လာ ... လာ ... ဖြည်းဖြည်းဆင်း"

www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲပြန်ရောက်တော့ အိမ်ကလူတွေ ရောက်နေကြတယ်။

ဒေါ်မြပွင့်က မနှင်းဆီ သတိမေ့မလိုဖြစ်တာ အိမ်သားတွေကို ပြောပြလိုက်တယ်။

ဒီအချိန်မှာပဲ ဆရာဝန်တွေ ရောင်းလှည့်လာတယ်။

မနှင်းဆီကို လိုအပ်တဲ့ စစ်ဆေးမှုတွေလုပ်ပြီး သူနာပြုဆရာမက သောက်ဆေးတွေ စီစဉ်ပေးတယ်။

ဆရာဝန်တွေ ပြန်သွားတဲ့အခါ ဦးလေးဖြစ်သူက ...

"ပဲနို့လို အချိုရယ်များများ တိုက်ပေးရမယ်လို့

မှာသွားတယ်နော်၊

ငါဝယ်လာတာ အသင့်ဖြစ်သွားတာပေါ့၊

ရော့ ... သောက်လိုက် နှင်းဆီ"

လို့ ပြောရင်း ပဲနို့ဘူးလေးကို ပိုက်တပ်ပေးတယ်။

မနှင်းဆီဟာ လူနာခုတင်ထက် လှဲနေရာကပဲ, ပဲနို့ဘူးကို လှမ်းယူလိုက်တယ်။



ပဲနို့ဘူးသေးလေး တစ်ဗူးကုန်တဲ့အခါ သူ့လည်ချောင်းထဲ လိုက်တက်လာပြီး ဝေါ့ ...ခနဲ အန်ချလိုက်တယ်။

ဒါကိုမြင်တဲ့ ဦးလေးဖြစ်သူဟာ မျက်နှာပျက်သွားပြီး အစ်မဖြစ်သူ ဒေါ်မြပွင့်ကို မျက်ရိပ်ပြလိုက်တယ်။

လူနာခန်းရဲ့အပြင်ရောက်တဲ့အခါ ...

"နှင်းဆီကိုကြည့်ရတာ ငါ စိတ်ပူတယ်

အစ်မကြီး၊ ဖြစ်ဖြစ်ချင်းတုန်းကလည်း

သွေးထွက်လွန်တယ်၊ ခုလည်း ...

ဝင်သမျှအစာတွေ ပြန်အန်ထွက်တယ်၊

ဦးခေါင်းထိထားတဲ့လူနာမှာ ...

ဒီလိုလက္ခဏာတွေ့ရတာ မကောင်းဘူးဟ၊

ဘာပဲဖြစ်ဖြစ် နင် အထူးဂရုစိုက်ပြီး

ကြည့်ပေးပါဟာ၊ ငါတို့ကလည်း

အလုပ်က ခွင့်မရဘူးလေ"

"ငါက နင့်ထက် ပိုတောင်ပူသေးတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ဓာတ်မှန်ခန်းသွားတုန်းကလည်း အန်ပြီးပြီ၊

အိမ်သာမှာလည်း သတိလစ်ချင်သလို

ဖြစ်ခဲ့တာ၊ ခုလည်း ... ပဲနို့တွေ

အန်ထွက်ပြန်ပြီ၊ အင်း ...

ဓာတ်မှန်အဖြေဘဲ အားကိုးစရာရှိတော့တယ်၊

ဘုရား ... သိကြားမ,လို့

ငါ့တူမလေး ဘာမှမဖြစ်ပါစေနဲ့”

□ □ □

## မနှင်းဆီ ... အသက်ရှင်ပါ့မလား?

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၄)

## အချိန်က ...

နေ့ခင်း (၁) နာရီလောက် ရှိပြီ။

အခန်းအပြင်က အသံဗလံတွေကြောင့် ခုံတန်းရှည်ပေါ်မှုးခနဲအိပ်ပျော်သွားတဲ့ ဒေါ်မြပွင့် လန့်နိုးသွားတယ်။

မနှင်းဆီကို ကြည့်လိုက်တော့ ...

www.burmeseclassic.com

www.burmeseclassic.com



ဆေးအရှိန်နဲ့ အိပ်ပျော်နေရှာတယ်။

ဒေါ်မြပွင့်ဟာ အခန်းပြင်ဘက်ထွက်ပြီး အခြေအနေကို ကြည့်ရှုလိုက်တယ်။

၎င်းတို့ရဲ့ တစ်ခန်းကျော်က အခန်းထဲ ...

သူနာပြုတွေ အဝင်အထွက်လုပ်နေတယ်။

အခန်းပြင်မှာလည်း လူတစ်စု။

သူမ ... ထိုနေရာကို လျှောက်သွားလိုက်မိတယ်။

အခန်းထဲ လှမ်းကြည့်လိုက်တော့ လူနာအမျိုးသမီးကြီး တစ်ဦးကို သူနာပြုတွေက အောက်စီဂျင်ပိုက်တပ်ဖို့ ပြင်ဆင်နေကြတယ်။

"ဒီလူနာက ဘာဖြစ်တာလဲကွဲ့."

ဒေါ်မြပွင့်က ဘေးမှာရပ်နေတဲ့ လူငယ်တစ်ဦးကို မေးလိုက်တယ်။

"ဆိုင်ကယ်မှောက်တာဗျ၊

သတိကတော့ ရတစ်ချက်၊ မရတစ်ချက်ပဲ၊



ကျွန်တော်တို့က တွေ့လို့ ကူညီပေးတဲ့လူတွေပါ၊

အဲ့အန်တီကြီးအိမ်ကိုတော့ ...

လှမ်းအကြောင်းကြားထားတာပဲဗျ၊

အင်း ... ဒီလောက် အရှိန်ပြင်းပြင်းနဲ့

ဆိုင်ကယ်မှောက်တာတောင် ...

ဘာဒဏ်ရာမှမရှိဘူး၊

စိတ်တော့ ပူစရာပါပဲဗျာ"

ထိုလူငယ်နဲ့ စကားပြောပြီးနောက် သူမ အခန်းဆီ ပြန်လာခဲ့တယ်။

အခန်းထဲပြန်ရောက်တော့ မနှင်းဆီတစ်ယောက် အိပ်ပျော်နေဆဲ။

"အင်း ... တော်ပါသေးရဲ့၊

ဘေးအခန်းက အမျိုးသမီးနဲ့ယှဉ်ရင်

ငါ့တူမလေးက ထိခိုက်ဒဏ်ရာ

ရတာခြင်း တူပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



သတိရနေသေးလို့ တော်သေးတယ် ...

ဟင်း"

သူမ ... စိုးရိမ်စိတ်နဲ့ သက်ပြင်းချလိုက်မိတယ်။

ဒီအချိန်မှာပဲ ...

မနှင်းဆီတစ်ယောက် လှုပ်ရှားသွားရင်း ညည်းသံထွက်လာတယ်။

"သက်သာရဲ့လား နှင်းဆီ၊

ဖြည်းဖြည်းထ ... ပဲနို့လေး

ထပ်သောက်လိုက်ဦးနော်၊

ဆရာဝန်မှာထားတယ်လေ"

ဒေါ်မြပွင့်က သူမကို ဖေးကူထိုင်စေရင်း ပြောလိုက်တယ်။

"မသောက်ချင်ဘူး ကြီး၊

သောက်ပြီးရင်လည်း ပြန်အန်ထွက်တယ်၊

အဲဒါ ... သိပ်ပြီး ခံရခက်တာပဲ၊



နှင်းဆီ ထမင်းပဲ စားချင်တယ်"

ဒီအချိန်မှာပဲ ဖိုးလေးဖြစ်သူ ရောက်ရှိလာတယ်။

"အတော်ပဲ ဦးလေးကြီးရေ ...

နှင်းဆီက ထမင်းစားချင်တယ် ပြောနေတယ်၊

သွားဝယ်ပေးပါဦးနော်"

ဒေါ်မြပွင့်က ဦးလေးဖြစ်သူကို ပြောဆိုရင်း ပိုက်ဆံလှမ်းပေးလိုက်တယ်။

"လူနာ ဘယ်လိုနေလဲရှင့် ...

သက်သာရဲ့လား၊ ဒီမှာ ဓာတ်မှန်ရပြီလေ"

သူနာပြုဆရာမက ဓာတ်မှန်ပြားကိုင်ပြီး ဝင်လာတယ်။

"ဓာတ်မှန်က အခြေအနေကောင်းပါတယ်၊

ဦးခေါင်းအတွင်း ဒဏ်ရာမရှိဘူးရှင့်၊

မနက်ဖြန်လောက်ဆို ...

ဆေးရုံက ဆင်းလို့ရမယ်

ထင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



သူနာပြုက ဓာတ်မှန်ပြားကို ခုတင်ခြေရင်းမှာ ချိတ်ထားတဲ့ ဖိုင်တွဲထဲ ထည့်ရင်း ပြောလိုက်တယ်။

"ဓာတ်မှန်အဖြေကောင်းလို့ တော်သေးတာပေါ့

ဆရာမရယ်၊

ကျွန်မတို့ တအားစိတ်ပူနေတာရှင့်၊

ဒါပေမဲ့ ... လူနာက စားသမျှ

ပြန်အန်ထွက်နေတယ်"

ဒေါ်မြပွင့်ရဲ့အပြောကြောင့် သူနာပြုက မနှင်းဆီကို သွေးပေါင်ချိန်တယ်။

"စိတ်မပူပါနဲ့ အန်တီ၊

ဒဏ်ရာအရှိန်နဲ့မို့ ဖြစ်တာပါ၊

ဆေးတွေတော့ မှန်မှန်တိုက်ပေးပါနော်"

သူနာပြုဆရာမ ထွက်သွားပြီး တအောင့်လောက်ကြာတော့ ထမင်းသွားဝယ်တဲ့ ဖိုးလေး ပြန်ရောက်လာတယ်။

"မြပွင့်ရေ ... ငါတော့



လူနာ သွေးအားကောင်းအောင်

အမဲနှပ်နဲ့ ဝယ်လာတယ်ဟ"

ဖိုးလေးကြီးက ထမင်းထုပ်ကို စားပွဲပေါ်တင်ရင်း ပြောလိုက်တယ်။

"အို ... ဦးလေးကလည်း နှင်းဆီက

ခြေလေးချောင်းမှ မစားတဲ့ဟာကို၊

ဘာလို့ အမဲနှပ်ချည်း ဝယ်လာရတာလဲ"

ဒေါ်မြပွင့်က ဦးလေးဖြစ်သူကို လှမ်းပြောလိုက်တဲ့အခါ နှင်းဆီတစ်ယောက် ခေါင်းထောင်သွားပြီး ...

"အမဲနှပ် ဟုတ်လား၊

နှင်းဆီ အဲဒါနဲ့ပဲ စားလိုက်မယ်၊

ကျွေးပါတော့"

လို့ ပြောလိုက်တယ်။

ဒေါ်မြပွင့်က တူမဖြစ်သူကို အံ့အားသင့်ဟန်နဲ့ စူးစိုက်ကြည့်ရင်း ...

www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... အေး ... အေး ...

ဒါဆိုလည်း ထမင်းပြင်ပေးမယ်နော်"

လို့ ပြောလိုက်တော့တယ်။

□□□

## ဒေါ်မြမွှင်းကို ... ဘာသဘောကဲ့ပြုပါမလဲ?

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၅)

အချိန်က ညဉ့်သန်းခေါင်ကျော်ပြီ။

ဆေးရုံဝင်းတစ်ခုလုံး တိတ်ဆိတ်မှုက ကြီးစိုးနေတယ်။

မနှင်းဆီဟာ ဦးခေါင်းဒဏ်ရာမှ နာကျင်မှုကြောင့် အိပ်နိုင်အောင် ရှိနေတယ်။

အဒေါ်ဖြစ်သူကို ကြည့်လိုက်တော့ ... ခုံတန်းရှည်မှာ

www.burmeseclassic.com

www.burmeseclassic.com



အိပ်ပျော်နေပြီ။

သူမဟာ ပြတင်းပေါက်ဘက်လှည့်နေရာက ခေါင်းနာတဲ့အတွက် အခေါ်ဖြစ်သူအိပ်ရာ ဝင်ပေါက်ဘက် စောင်းလှည့်လိုက်တယ်။

အိပ်မရတဲ့အတွက် ဟိုဟိုဒီဒီကြည့်နေချိန်မှာပဲ မျက်နှာကြက်အမိုးရှိ လျှပ်စစ်မီးချောင်းဟာ တဖျပ်ဖျပ်ခတ်သွားတယ်။

ဒီအချိန်မှာပဲ အခန်းရဲ့တံခါးဟာ ဖြည်းဖြည်းချင်း ဟလာတယ်။

သူမ အာရုံစိုက်ကြည့်နေမိချိန်မှာတော့ အနီရောင်ပါတိတ်ထဘီ ဝတ်ထားတဲ့ အမျိုးသမီးကြီးတစ်ဦး အခန်းထဲဝင်လာတယ်။

ထိုအမျိုးသမီးရဲ့မျက်နှာဟာ သွေးရောင်ကင်းမဲ့အောင်ဖြူဖတ်နေတယ်။

"အန့်တီ ... ဘယ်သူနဲ့ တွေ့ချင်လို့လဲဟင်၊

အခန်းမှားနေပြီ အန့်တီ"



မနှင်းဆီဟာ ဘေးစောင်းလှဲနေရာကပဲ လှမ်းပြောလိုက်တယ်။

ထိုအမျိုးသမီးကြီးက သူမကို အားအင်ဖျော့တော့တဲ့မျက်လုံးတွေနဲ့ စူးစိုက်ကြည့်နေတယ်။

လုံးဝတည်ငြိမ်နေတဲ့ ထိုအမျိုးသမီးကြီးထံက စကားသံထွက်လာတယ်။

ဒါပေမဲ့ ... ပါးစပ် လုံးဝမလှုပ်ဘူး။

"ငါ ... သွားတော့ ... မယ် ... ကလေးမ၊

မင်း ... ကို ... လာပြီး ... နှုတ်ဆက်တာပါ"

မနှင်းဆီတစ်ယောက် အံ့အားသင့်မှုနဲ့ ကြောင်အမ်းအမ်းကြည့်နေစဉ်မှာပဲ ထိုအမျိုးသမီးဟာ အခန်းဝက လုံးဝပျောက်ကွယ်သွားတယ်။

"အန် ... အန့်တီ ... ဟင် ...

ဘယ်ပျောက်သွားပါလိမ့်"

မနှင်းဆီရဲ့အသံကြောင့် ဒေါ်မြပွင့် နိုးသွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... တူမလေး ...

ဘယ်သူ့ကို ခေါ်နေတာလဲ"

ဒေါ်မြပွင့်က နံပေါ်က ထ,ထိုင်ရင်း မေးလိုက်တယ်။

"ရေ ... ရေသောက်ချင်တယ်"

မနှင်းဆီရဲ့အပြောကြောင့် ဒေါ်မြပွင့်က ရေဘူးကို ပိုက်တပ်ပြီး လှမ်းပေးတယ်။

ရေသောက်ပြီးတဲ့အခါ မနှင်းဆီက အခန်းထဲကို အမျိုးသမီးတစ်ယောက် ဝင်လာကြောင်း ပြောလိုက်တယ်။

"မဖြစ်နိုင်ပါဘူး နှင်းဆီရယ်၊

အချိန်မတော်ကြီး ဘယ်သူက

အခန်းမှားပြီး ဝင်လာမှာလဲ၊

ဟိုမှာကြည့် ... အခန်းတံခါးကို

ဂျက်ထိုးထားတယ်လေ၊

ကဲပါ ... ဘာမှ လျှောက်တွေးမနေနဲ့ကွဲ့၊

ခေါင်းက အနာ ပိုနာနေဦးမယ်၊



အိပ်တော့ ... အိပ်တော့"

အဒေါ်ဖြစ်သူက သူမကို အိပ်ရာပေါ် ပြန်လှဲပြီး အိပ်စေတယ်။

မနှင်းဆီတစ်ယောက် ဂျက်ထိုးပိတ်ထားတဲ့ အခန်းတံခါးကို ငေးကြည့်ပြီး တွေးရခက်သွားတယ်။

"ငါ ဘာဖြစ်တာလဲ ... ဂျီးပြောတာ အမှန်ပဲ၊

အခန်းတံခါးက ပိတ်ရက်ကြီးကို၊

ဒါဆို ... ဟိုမိန်းမကြီး ဘယ်လိုဝင်လာသလဲ၊

ငါပဲ ခေါင်းထိထားတဲ့အတွက် ...

လျှောက်မြင်နေတာလား၊

အား ... ခေါင်းကလည်း တဆစ်ဆစ်နဲ့

သိပ်နာနေပြီ၊ ငါ ဘာမှမစဉ်းစားဘဲ

အိပ်ပျော်အောင်အိပ်မှဖြစ်မယ်"

အတွေးနဲ့အတူ အတော်ကြီးကြာမှ သူမ အိပ်ပျော်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက်ကြာအောင် အိပ်ပျော်သွားတယ် မသိဘူး။

'အုန်း' ... ခနဲ အသံကျယ်ကြီးကြားမှ လန့်နိုးသွားတယ်။

"အင် ... ဘာသံကြီးလဲ ဂျီး"

နိုးနေတဲ့ ဒေါ်မြပွင့်က ခေါင်းယမ်းပြရင်း ...

"မသိဘူးလေ ... အပြင်ဘက်က ကြားရတာပဲ၊

ကြည့်ရတာ ဆေးရုံအောက်ဘက်က ဖြစ်မှာပေါ့၊

ကဲ ... ကဲ ... ငါးနာရီလည်း ကျော်နေပြီ၊

ပဲနို့သောက်ပြီး မနက်ဆေး သောက်လိုက်တော့နော်"

လို့ ပြောလိုက်တော့တယ်။

❐ ❐ ❐

# သူတို့ကြားရတာ ... ဘာအသံလဲ ?

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၆)

မနက်ရောက်တော့ ဦးလေးဖြစ်သူ ရောက်လာတယ်။

ဒေါ်မြပွင့်က အိမ်ကယူလာတဲ့ ဆွန်ပြုတ်ကို မနှင်းဆီကို တိုက်ကျွေးလိုက်တယ်။

ဒီအချိန်မှာပဲ ... အခန်းထဲကို ဆေးထည့်ဖို့ သူနာပြု

www.burmeseclassic.com

www.burmeseclassic.com



ရောက်ရှိလာတယ်။

"သက်သာရဲ့လား ညီမလေး၊

ညကရော အိပ်ပျော်ရဲ့လား၊

ပတ်တီးအသစ်လဲရအောင်နော်"

သူနာပြုက သူမကို ပတ်တီးလဲလှယ်ဖို့ ပြင်ဆင်နေတယ်။

"ဟုတ်ကဲ့ ... သက်သာသလိုတော့ ရှိပါတယ်၊

ညဘက် အိပ်မရဘူး ဆရာမ၊

ဒီနေ့ ဆေးရုံက ဆင်းရမှာလားဟင်"

သူနာပြုဆရာမက ပတ်တီးအဟောင်းကို ဖြေလိုက်ပြီး

"အနာက အကျက်မြန်မယ့်ပုံပဲရှင့်၊

အနေအထားကောင်းတယ်၊

ဆရာဝန်တွေ ရောင်းလှည့်ရင်တော့

ဆင်းရနိုင်ပါတယ်"

လို့ ပြန်ဖြေတယ်။



ဒေါ်မြပွင့်က တစ်စုံတစ်ခုကို သတိရသွားပြီး ...

"ဩော် ... ဒါနဲ့ ဆရာမ ...

မနက်အစောကြီးတုန်းက ...

အသံကျယ်ကြီး ကြားလိုက်ရတယ်၊

အဲဒါ ... ဘာဖြစ်တာလဲဟင်"

လို့ မေးလိုက်တဲ့အခါ သူနာပြုဟာ မျက်နှာတစ်ချက်ပျက်သွားတယ်။

ပြီးမှ ...

"ဒီနှစ် မီးပုံးပျံပွဲက အရင်ထက်

ဆေးရုံမှာ လူနာပိုများတယ်ရှင့်၊

ကျွန်မတို့ဆို နားချိန်မရှိသလောက်ပဲ၊

ကော့စ်တွေအားလုံးကလည်း ထိခိုက်ဒဏ်ရာ

ရတာချည်းပဲလေ၊

မနက်က အန်တီကြားတဲ့အသံက

အပေါ်ဆုံးထပ် လူနာခန်းကပေါ့၊

www.burmeseclassic.com

www.burmeseclassic.com



လူနာလာကြည့်တဲ့ လူငယ်လေ ...

မူးနေတာ ဖြစ်မှာပေါ့၊

ဝရန်တာကနေ ပြုတ်ကျတာ

သွေးထွက်သံယိုမရှိပေမယ့် ... အခု သူ့ကို

ဆရာဝန်ကြီးတွေ စစ်ဆေးနေရတယ်ရှင့်"

"အို ... ဖြစ်ရလေရှင်၊

ကြားရတာ စိတ်မကောင်းစရာပဲ"

ဒေါ်မြပွင့်က စိတ်မကောင်းစွာ ရေရွတ်လိုက်တယ်။

သူနာပြုဆရာမက ဒဏ်ရာကို ဆေးထည့်ပတ်တီး လဲပေးပြီးနောက် ပြန်ထွက်သွားတယ်။

မနှင်းဆီလည်း အစာစားပြီးတဲ့အတွက် ဆေးသောက်ပြီး ပြန်လှဲနေလိုက်တယ်။

ဦးလေးဖြစ်သူက အိပ်ပျော်သွားတဲ့ မနှင်းဆီကို ငေးစိုက်ကြည့်ရင်း ...

"အစ်မကြီး ... နှင်းဆီက ညဘက်မအိပ်ဘဲ



လူသံတွေ ဆူညံတဲ့ နေ့ဘက်ကျ

ဘာလို့ အိပ်ပျော်နေတာလဲဗျ"

လို့ ဒေါ်မြပွင့်ကို မေးလိုက်တယ်။

ဒေါ်မြပွင့်က ဆွဲခြင်းထဲ စတီးချိုင့်ကို ထည့်နေရာက

"ဒါကတော့ဟယ် ... ညဘက်က

အအေးပိုတော့ အနာရှိန်နဲ့

သူ အိပ်မရလို့ ဖြစ်မှာပေါ့၊

ငါ အိမ်သာ ခဏသွားဦးမယ်၊

နင် ခဏစောင့်နေနော်"

လို့ ပြောရင်း အခန်းထဲက ထွက်သွားလိုက်တယ်။

ဒေါ်မြပွင့်ဟာ အိမ်သာဝင်ပြီး လူနာခန်းဘက် ပြန်လျှောက်လာတဲ့အခါ တစ်ခန်းကျော်ရှိ အခန်းထဲ လူတွေ စုပြုံဝင်သွားတာ တွေ့လိုက်တယ်။

ဒါကြောင့် အခန်းထဲ မဝင်သေးဘဲ ထိုအခန်းဘက် လျှောက်သွားလိုက်မိတယ်။

www.burmeseclassic.com

www.burmeseclassic.com



"လူနာက အခြေအနေမကောင်းတော့ဘူး၊

ဆရာဝန်တွေက ဆေးရုံမှာပဲ

နေစေချင်ပေမယ့် သူ့အိမ်သားတွေက

အိမ်ပြန်ခေါ်ဖို့ပဲ အတင်းပြောနေကြတယ်ဗျာ၊

အောက်စီဂျင်ပိုက်လည်း ဖြုတ်လို့ရတာ

မဟုတ်ဘူး၊

ခက်တာက ... ခုဆို လူနာက

လုံးဝ သတိပြန်မလည်တော့ဘူးဗျ"

ယောက်ျားသူနာပြုနဲ့ လူတချို့ရဲ့စကားသံကို ဒေါ်မြခက် အတိုင်းသား ကြားလိုက်ရတယ်။

ဒါကြောင့် ထိုအခန်းထဲ တစ်ချက် လှမ်းအကဲခတ်ပြီး ကိုယ့်အခန်းဘက် ပြန်လျှောက်ခဲ့တယ်။

❐❐❐

## အဲဒီအခန်းကလူနာ ... ဘာဖြစ်မှာလဲ?

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၇)

နေ့လယ်ခင်း ဆရာဝန်တွေ ရောင်းလှည့်ချိန်မှာ တော့ ...

"မနှင်းဆီ ... ဒီနေ့ ...

ဆေးရုံက ဆင်းလို့ရပါပြီ၊

ဒါပေမဲ့ ... ဆေးရုံကို လာပြီးတော့

www.burmeseclassic.com

www.burmeseclassic.com



သုံးရက်လောက် ဆေးထပ်ထည့်ရမယ်၊

တစ်ပတ်ပြည့်တဲ့နေ့ ပြန်လာပြီး

ချုပ်ရိုးဖြေရပါမယ်၊

ချုပ်ရိုးဖြေတဲ့နေ့ပဲ ပီစီကေ့စ်ဖြစ်တဲ့အတွက်

မှူခင်းဆရာဝန်နဲ့ ပြသရပါလိမ့်မယ်၊

ဆရာမရေ … မနှင်းဆီအတွက်

တစ်ပတ်စာ သောက်ဆေး စီစဉ်ပေးလိုက်ပါဦး၊

ဆေးရုံက ဆင်းရပေမယ့် … ဒဏ်ရာနဲ့

ပတ်သက်ပြီး အော့အန်တာတို့၊

မူးဝေတာတို့ ဖြစ်ခဲ့ရင်

ချက်ချင်း ပြန်လာပြပေးပါ”

ဆရာဝန်ရဲ့စကားကြောင့် ဒေါ်မြပွင့်က …

“ဟုတ်ကဲ့ပါ ဒေါက်တာ …

ဒါဆို ကျွန်မတို့ အခု …

ဆေးရုံက ဆင်းလို့ရပြီပေါ့နော်”



လို့ မေးလိုက်တဲ့အခါ တာဝန်ကျဆရာဝန်က …

“ရပါပြီ … ဒါပေမဲ့ ဆေးရုံဆင်းစာအုပ်

လုပ်ရပါမယ် ခင်ဗျ၊

ကဲ … ကျွန်တော်တို့ကို ခွင့်ပြုပါဦး”

လို့ ဖြေလိုက်တယ်။

တာဝန်ကျဆရာဝန်တွေ ထွက်သွားတဲ့အခါ ဒေါ်မြပွင့်တာ သူနာပြုဆရာမနဲ့အတူ ဆေးရုံဆင်းစာအုပ်လုပ်ဖို့ လိုက်ပါသွားတယ်။

ဦးလေးဖြစ်သူက မနှင်းဆီရဲ့ခုတင်ဘေးထိုင်ပြီး ပစ္စည်းတွေကို သိမ်းဆည်းနေတယ်။

“ဦးလေး … မနှင်းဆီ အပေါ့သွားချင်လို့၊

ခဏသွားဦးမယ်နော်”

“နင်တစ်ယောက်တည်း ဖြစ်ပါ့မလား၊

ငါ လိုက်ပို့ပေးမယ် နှင်းဆီ၊

တော်ကြာ မူးလဲနေဦးမယ်ဟ”

www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် ဦးလေးရယ်၊

ဆေးရုံကတောင် ဆင်းရတော့မှာပဲ

မနှင်းဆီ ဘာမှမဖြစ်ပါဘူး"

မနှင်းဆီက ထိုသို့ပြောပြီး အိမ်သာဘက် လျှောက်ခဲ့တယ်။

အိမ်သာရဲ့အတွင်းပိုင်းက အနည်းငယ်မှောင်နေတဲ့အတွက် သူမ မီးခလုတ်ကို လှမ်းဖွင့်လိုက်တယ်။

ဒါပေမဲ့ ...

မီးသီးက ကျွမ်းနေပုံရတယ်။

လုံးဝ လင်းမလာဘူး။

ဒါကြောင့် ... အိမ်သာထဲ ဒီအတိုင်း ဝင်ဖို့ ဆုံးဖြတ်လိုက်တယ်။

ရှိတာက အိမ်သာသုံးလုံး ... ပြတင်းပေါက်ဘက်အခြမ်း။

ထောင့်ဆုံးအိမ်သာက လူရှိပုံရတယ်။



တံခါးပိတ်ထားပြီး ရေသုံးတဲ့အသံတွေ ကြားနေရတယ်။

ဒါကြောင့် အလယ်အိမ်သာကိုပဲ ရွေးပြီး ဝင်လိုက်မိတယ်။

သူမ ... အပေါ့သွားပြီးတဲ့အချိန်ထိ ထောင့်ဆုံးအိမ်သာက ရေသုံးသံ ကြားနေရဆဲ။

ပြန်ထွက်ချိန်မှာတော့ သူမ ခေါင်းထဲ ကျိန်းခနဲ ခံစားလိုက်ရပြီး ကြက်သီးထသလို ဖြစ်သွားတယ်။

ဒါကြောင့် ဘေးဘီဝဲယာကို မျက်လုံးဝေ့ကြည့်လိုက်မိတယ်။

ဒီအခါ ထောင့်ဆုံးအိမ်သာရဲ့တံခါးဟာ ဟ,နေတာကို တွေ့လိုက်ရတယ်။

သူမစိတ်ထဲ ဘယ်လိုဖြစ်သွားလဲမသိဘဲ ထိုတံခါးကို ဆွဲဖွင့်လိုက်မိတယ်။

တံခါးဖွင့်လိုက်မိသည်နှင့်တစ်ပြိုင်နက် သူမ လန့်ဖျပ်

www.burmeseclassic.com

www.burmeseclassic.com



ပြီး နောက်ဆုတ်လိုက်မိတယ်။

အိမ်သာထဲ လူ လုံးဝမရှိဘူး။

ဒါပေမဲ့ ... ရေသုံးတဲ့အသံက ထွက်ပေါ်နေတယ်။

တစ်ကိုယ်လုံး ကြက်သီးတွေ အလိပ်လိုက်တက်လာပြီး ကြောက်စိတ်နဲ့အတူ ထိုနေရာက ခပ်သုတ်သုတ် ထွက်ခဲ့လိုက်တယ်။

"အ ... အမေ့"

နောက်ကို ချာ ...ခနဲ လှည့်စဉ် တစ်စုံတစ်ယောက်နဲ့ တွန်းတိုက်မိသလိုဖြစ်တာကြောင့် သူမကိုယ် ယိုင်သွားတယ်။

"ဆောရီးပါရှင် ... ကျ ... ကျွန်မ ...

အလျင်လိုသွားလို့ပါ"

တောင်းပန်သံနဲ့အတူ သူမ ... မော့ကြည့်လိုက်မိတယ်။

အသက်ငါးဆယ်နီးပါး အမျိုးသမီးကြီးတစ်ယောက်။

သူမကို ဘာစကားမျှ မတုံ့ပြန်ဘဲ မျက်တောင်မခတ်တမ်း စိုက်ကြည့်နေတယ်။



ပြီးတော့ ... အေးတိအေးစက်အမူအရာနဲ့ အိမ်သာရဲ့ အပြင်ကို တရွေ့ရွေ့ လျှောက်သွားတယ်။

မနှင်းဆီလည်း အိမ်သာပြင် လျှောက်ခဲ့ရင်း ...

"ဒီအန်တီကြီးရဲ့မျက်နှာကို ငါ မြင်ဖူးသလိုပဲ၊

ဘယ်နေရာမှာများ တွေ့ဖူးပါလိမ့် ...

စဉ်းစားစမ်း"

လို့ ကိုယ့်ကိုယ်ကိုယ် ပြန်မေးလိုက်မိတယ်။

ဒါပေမဲ့ ... ဘယ်လိုမှ စဉ်းစားလို့မရဘဲ ခေါင်းသာ ကိုက်ခဲလာတယ်။

အခန်းထဲပြန်ရောက်တော့ ...

"အိမ်သာသွားတာ ကြာလှချည်လား

နှင်းဆီရယ်၊

ဂျီးဖြင့် စိတ်ပူလို့ ခုပဲ လိုက်လာတော့မလို့အေ၊

ဒီမှာ ဆေးရုံဆင်းစာအုပ်လည်း ရလာပြီ၊

ဒါပေမဲ့ ... ချုပ်ရိုးလာဖြေတဲ့နေ့

www.burmeseclassic.com

www.burmeseclassic.com



မှုခင်းဆရာဝန်နဲ့ ပြပြီးမှ

ဆေးရုံဆင်းလက်မှတ်ထိုးပေးမှာ၊

နင့်ဦးလေးလည်း ပစ္စည်းတွေ သိမ်းထားပြီးပြီ၊

ပြန်ကြရအောင်”

ဒေါ်မြပွင့်က စောင်အိတ်ကို ဆွဲကိုင်ရင်း မနှင်းဆီကို ပြောလိုက်တယ်။

□□□

## ဆေးရုံက အပြန်မှာ ... ဘာဖြစ်ကြမှာလဲ?

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၈)

"ဖြည်းဖြည်းလျှောက်နော် နှင်းဆီ
ခေါင်းကြီးသိပ်မင့်ဘားနဲ့၊
တော်ကြာ ... ခေါင်းမူးနေမှာစိုးလို့အေ"

ခေါ်မြပွင့် သူမကို လက်တွဲရင်း အိမ်ပြန်ဖို့ အခန့်ပြင် လျှောက်ခဲ့ကြတယ်။

www.burmeseclassic.com



... ဂျိန်း ... ဂျန်း ... ဂျိန်း ... ဂျိန်း ...

အသံကြောင့် သူတို့သုံးယောက်သား ခြေလှမ်းတုံ့သွားပြီး ကြည့်လိုက်မိတယ်။

၎င်းတို့အခန်းရဲ့ တစ်ခန်းကျော်က ထွက်လာတဲ့ သံတွန်းလှည်းကြီး ...

ဒါကိုတွေ့တဲ့ ဒေါ်မြပွင့်က ...

"အဲ့အခန်းက အမျိုးသမီးက ...

နင်နဲ့ တစ်ချိန်တည်း ရောက်လာတဲ့သူပေါ့၊

ဆိုင်ကယ်မှောက်တာလေ ...

အခြေအနေမကောင်းဘူး၊

သူ့အိမ်သားတွေက ဖွတ်ပြန်ခေါ်ကြတာ၊

စိတ်မကောင်းစရာပါအေ"

လို့ ပြောတဲ့အတွက် မနှင်းဆီလည်း နားထောင်နေလိုက်ရတယ်။

ဆေးရုံရှေ့ စင်္ဝင်အောက်ရောက်တဲ့အခါ ဦးသော်...



ဦးသက်မောင် ကားသွားယူတဲ့အတွက် မနှင်းဆီတို့ ရပ်စောင့်နေရတယ်။

ဒီအချိန်မှာပဲ ...

ဆိုင်ကယ်မှောက်လို့ ဆေးရုံရောက်လာတဲ့ အမျိုးသမီးကြီးရဲ့ တွန်းလှည်းရောက်လာတယ်။

လူနာတင်လှည်းနဲ့အတူ အိမ်သားဖြစ်ဟန်တူတဲ့ အမျိုးသမီးသုံးဦးပါ၊ ပါလာကြတယ်။

သူတို့လည်း မနှင်းဆီတို့လိုပဲ ကားအလာကို စောင့်နေကြတယ်။

ရုတ်တရက်ဆိုသလို တွန်းလှည်းပေါ်က လူနာရဲ့လက်...ကောက်က ဘေးကို ဆန့်ဆန့်ကြီး ကျလာတယ်။

လူနာရှင်အမျိုးသမီးတစ်ယောက်က ဒါကို မြင်တွေ့ပြီး ...လုံးပြူးသွားတယ်။

ထိုအမျိုးသမီးက အထိတ်တလန့်နဲ့ လူနာရဲ့ရင်ဘတ်ကို ...ပ်ပြီး ကြည့်ရှုလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီနောက်မှာတော့ ...

"အမယ်လေး ... ကိုယ်ကျိုးနည်းပါပြီတော်၊

ငါ့အစ်မ ... ငါ့အစ်မ ... အသက်မရှိတော့ဘူး၊

ကယ်ကြပါဦး ဆရာ၊ ဆရာမတို့ရဲ့"

ဆိုတဲ့ အသံကြီးက ဆေးရုံဝင်ပေါက်မှာ ဟိန်းထွက်သွားတယ်။

ထိုအသံကြောင့် မနှင်းဆီဟာ လူနာလှည်းဆီ သတိထားကြည့်မိသွားတယ်။

အနီရောင်ပါတိတ်ထဘီဝတ်ထားတဲ့ လူနာအမျိုးသမီးကြီး။

ထိုအမျိုးသမီးကြီးရဲ့မျက်နှာကိုကြည့်ရင်း မနှင်းဆီတစ်ယောက် ဆောက်တည်ရာမဲ့မတတ် တုန်လှုပ်သွားရှာတယ်။

တုန်လှုပ်စိတ်နဲ့အတူ ခေါင်းထဲ မိုက်ခနဲဖြစ်ပြီး ဟန်ချက်ပျက်သွားမိတယ်။

"ဟဲ့ ... ဟဲ့ ... နှင်းဆီ ...



ဘာဖြစ်တာလဲ၊

ခေါင်းမူးလို့လား ... ရရဲ့လားဟင်"

အဒေါ်ဖြစ်သူက သူမရဲ့ခါးကိုဖက်ပြီး စိုးရိမ်တကြီးမေးလိုက်တယ်။

မနှင်းဆီက အထိတ်တလန့်ဟန်နဲ့ ထိုအမျိုးသမီးကိုလက်ညှိုးထိုးရင်း ...

"သူ ... သူပဲ ... နှင်းဆီဆီ

ဟိုညက ရောက်လာတာ၊

ပြီး ... ပြီးတော့ ... ခုနကလည်း

အိမ်သာထဲမှာ ဆုံခဲ့သေးတယ်၊

နှင်း ... နှင်းဆီ ကြောက်တယ် ကျီး"

လို့ ရေရွတ်လိုက်မိတယ်။

ဒေါ်မြပွင့်ဟာ မနှင်းဆီရဲ့အပြုအမူကြောင့် နားမလည်နိုင်အောင် ဖြစ်သွားရှာတယ်။

"ဘယ် ... ဘယ်လို သူနဲ့ ဆုံခဲ့တယ်

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်လား၊
မဖြစ်နိုင်လိုက်တာ နှင်းဆီရယ်၊
သူ့ဟာသူတောင် အောက်စီဂျင်
တစ်ချိန်လုံး ပေးထားရတဲ့ဟာ၊
ညည်းနဲ့ တွေ့ခဲ့တာ ...
ဘယ်လိုမှ မဖြစ်နိုင်ဘူး၊
သတိရတစ်ချက် မရတစ်ချက်ဖြစ်နေသူက
ဘယ်လိုလုပ် နှင့်ဆီ လာနိုင်မှာလဲ၊
လျှောက်ပြောမနေနဲ့၊
ခုပဲကြည့်ပါလား ... ဆုံးသွားပြီထင်တယ်၊
သူ့အိမ်သားတွေ အော်ဟစ်ငိုယိုနေကြတာ၊
ဟော ... ဟိုမှာ ကားလာပြီ၊
လာ ... လာ ... သွားကြရအောင်အေ"

□□□

# မနှင်းဆီ ... ဘာဖြစ်နေပါသလဲ?

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၉)

**မနှင်းဆီ** ဆေးရုံက ဆင်းလာပြီဖြစ်တဲ့အတွက် တစ်အိမ်သားလုံး ပျော်ရွှင်နေကြတယ်။

အဒေါ်ငယ်က တူမဖြစ်သူ နေပြန်ကောင်းလာတဲ့အတွက် ဟော့ပေါ့ကို ကိုယ်တိုင်လုပ်ကျွေးတယ်။

ညစာ ဟော့ပေါ့စားနေရင်း အဒေါ်ငယ် ဒေါ်မြခက်က

www.burmeseclassic.com

www.burmeseclassic.com



"နှင်းဆီတို့များ ... ငါ့ အတော့်ကို

ဒုက္ခပေးတယ်၊ ငါ့မှာ သွေးပေတဲ့

စောင်တွေ၊ အနွေးထည်တွေ လျှော်လိုက်ရတာ၊

လက်ပြုတ်ထွက်မတတ်ဘဲ၊

ရာသီဥတုကလည်း သိပ်အေးနေတော့

ငါ့မှာ လက်တွေဆို ထုံကျဉ်ပြီး

ကိုက်ခဲနေတာပဲဟေ့"

လို့ ဘွင်းဘွင်းရှင်းရှင်းသမားပီပီ ပြောပစ်လိုက်တယ်။

ပြီးတော့ ... ဒေါ်မြခက်ဟာ အသားအစုံနဲ့ ပြုလုပ်ထားတဲ့ ဟော့ပေါ့ကို မြိန်ယှက်စွာ စားသောက်လိုက်တယ်။

စားသောက်ရင်း သူမရဲ့မျက်လုံးအကြည့်က မနှင်းဆီ့ဆီ ရောက်သွားတယ်။

မီးအပူပေးထားတဲ့ အိုးထဲက အသားတွေကို ပယ်ပယ်နယ်နယ် ခပ်ထည့်နေတဲ့ မနှင်းဆီ ...

"ဟဲ့ ... ဟဲ့ ... နှင်းဆီ ...



နင် ဘာတွေလုပ်နေတာလဲ၊

နင် ခပ်ထည့်နေတာ ဝက်သားတွေလေ၊

နင်မှ ခြေလေးချောင်းမစားတဲ့ဟာ"

ဒေါ်မြခက်ရဲ့ အလန့်တကြားအော်သံကြောင့် ဒေါ်မြပွင့်က ...

"ဝက်သားစားတော့လည်း ...

ဘာဖြစ်လဲ အငယ်ရယ်၊

နှင်းဆီက ဒီအချိန်မှာ ...

သွေးအားကောင်းဖို့ လိုအပ်တယ်၊

သွေးထွက်လွန်သွားတယ် မဟုတ်လားဟဲ့၊

နင့်တူမ စားချင်တာ စားပါစေအေ"

လို့ လှမ်းပြောလိုက်တယ်။

မနှင်းဆီကတော့ အဒေါ်ကြီး၊ အဒေါ်ငယ်ရဲ့စကားတွေကို မသိဟန်နဲ့ အစားကိုသာ အငမ်းမရ စားသောက်နေလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



မိုးချုပ်မှ စားသောက်ဖြစ်တဲ့အတွက် သူမတို့ စားသောက်ပြီးတော့ အချိန်က ညကိုးနာရီကျော်နေပြီ။

စောစောအိပ်ရာဝင်တတ်တဲ့ တောင်ကြီးမြို့ရဲ့ ထုံးစံအတိုင်း မနှင်းဆီနဲ့အဒေါ်အကြီးဆုံးဟာ နာရီဝက်လောက်အကြာမှာ အိပ်ရာဝင်ခဲ့ကြတယ်။

... ချောက် ... ချောက် ... ချောက် ... ချောက်

တိုင်ကပ်နာရီကြီးရဲ့ချောက်ချက်သံနဲ့အတူ အချိန်က တရွေ့ရွေ့ ရွေ့လျားသွားတယ်။

ဆယ့်နှစ်နာရီရောက်လို့ နာရီကြီးမှ ဒင်းဒေါင်သံကြားရချိန်မှာတော့ ...

အိပ်ပျော်နေတဲ့ မနှင်းဆီတစ်ယောက် တစ်စုံတစ်ယောက် လှုပ်နှိုးသည့်နှယ် ဆတ်ခနဲ လန့်နိုးသွားတယ်။

ဘေးကိုကြည့်လိုက်တော့ အဒေါ်ကြီးဆုံး ဒေါ်မြပွင့်က အိပ်မောကျနေရှာတယ်။

သူမ,ကိုယ်ပေါ်က စောင်အထူကြီးကိုခွာချရင်း ခုတင်အောက် ဆင်းလိုက်တယ်။



သူမရဲ့ခြေလှမ်းတွေက အိမ်တံခါးမကြီးရှိရာ ဦးတည်သွားပြီး ဂျက်ကို ဖွင့်ချလိုက်တယ်။

ပြီးတော့ ... ခြံတံခါးသော့ကို ဖွင့်လိုက်ပြန်တယ်။

တိုက်အိမ်ကြီးရဲ့ဘေးမှာရပ်ထားတဲ့ ကားပေါ်တက်ပြီး စက်နှိုးပစ်လိုက်တယ်။

ကားစက်နှိုးသံကြောင့် ဒေါ်မြပွင့် လန့်နိုးသွားရတယ်။

"အင် ... နှင်းဆီ မရှိပါလား၊

အပြင်မှာလည်း ကားစက်နှိုးသံ

ကြားနေရတယ်၊

ဟာ ... မဖြစ်ဘူး ... မဖြစ်ဘူး"

အတွေးနဲ့ ဒေါ်မြပွင့် လူးလဲထလိုက်မိတယ်။

အိမ်ပြင်ထွက်ပြီး ကားနားရောက်တော့ ...

"ဟဲ့ ... ဟဲ့ ... နှင်းဆီ ...

ဒါ ... ဘယ်သွားမလို့လဲ၊

www.burmeseclassic.com

www.burmeseclassic.com



ဘာလုပ်တာလဲ ... ဟင်"

ကားသေားရောက်လာပြီး စိုးရိမ်တကြီးမေးတဲ့ အဒေါ်ကြီး မြပွင့်ကို မနှင်းဆီက တစ်ချက်မျှမကြည့်ဘဲ ...

"အိမ်ထဲ မနေချင်ဘူး၊

အပြင်ထွက်ချင်တယ်၊

အပြင်သွားမယ်"

လို့ အေးစက်စက်သံနဲ့ ဖြေလိုက်တယ်။

မနှင်းဆီရဲ့အပြောကြောင့် ဒေါ်မြပွင့် မျက်လုံးပြူးသွားရှာတယ်။

"ဘယ်လို ... အပြင်သွားမယ် ဟုတ်လား၊

သန်းခေါင်ချိန် နှင် ဘယ်တုန်းက

အပြင်ထွက်ရလို့လဲ နှင်းဆီ၊

ဒါ ... မိန်းကလေးတွေ ထွက်ချိန်

မဟုတ်ဘူးဟဲ့၊

လာ ... လာ ... အိမ်ထဲဝင်ရအောင်၊



အပြင်မှာ သိပ်အေးနေတယ်အေ့"

ဒေါ်မြပွင့်က မနှင်းဆီကို ကားတံခါးဖွင့်ပြီး ဆွဲထုတ်လိုက်တယ်။

မနှင်းဆီလည်း ဆူပုတ်ပုတ်မျက်နှာနဲ့ ဒေါ်မြပွင့်လက်ထဲ ပါသွားရှာတယ်။

❒❒❒

www.burmeseclassic.com

www.burmeseclassic.com

ဒေါ်ပြုံးမြင့်ကို့ ဒီမိမှာ ...ဘာလာသောက်ဖြစ်မလဲ?

# အပိုင်း (၁၀)

www.burmeseclassic.com

www.burmeseclassic.com

## "အား"

အသံနက်ကြီးကြောင့် မနှင်းဆီတို့ အိမ်သားအားလုံး တုန်လှုပ်သွားကြတယ်။

အသံလာရာဆီ အပြေးအလွှားသွားကြည့်တော့ ရေချိုး ခန်းဘက်က ...။



သူတို့ ရေချိုးခန်းဘက် ရောက်သွားစဉ် မြင်လိုက်ရတာ က ခုနစ်နှစ်အရွယ် တူမလေး အေးချမ်း။

အေးချမ်းက အဒေါ်ငယ်မြခက်ရဲ့ တစ်ယောက်တည်း သော သမီး။

"ဘာဖြစ်လဲ ... ဘာဖြစ်တာလဲ ...

အေးချမ်း ... ဟင်"

အိမ်သားအားလုံး မနှင်းဆီအပါအဝင် အလျှင်စလို မေးလိုက်ကြတယ်။

အေးချမ်းက မျက်လုံးပြူး မျက်ဆန်ပြူးဟန်လေးနဲ့ ...

"သ ... သမီး ... ရေချိုးဖို့ လုပ်နေတုန်း

ရေချိုးခန်းရှေ့ကနေ မိန်း ... မိန်းမတစ်ယောက်

ဖြတ်သွားတယ်၊

သူ ... သူက ... ဆံပင်အရှည်ကြီးပဲ၊

ဒါ ... ဒါ ... ဒါပေမဲ့ ...

ကိုယ်မပါတဲ့ ခေါင်းပြတ်ကြီး၊

www.burmeseclassic.com

www.burmeseclassic.com



အီး ... ဟီး ... ဟီး ... ဟီး"

လို့ ကတုန်ကယင် ပြောရင်း ငိုချလိုက်တယ်။

"ဘုရားရေ ... ခေါင်းပြတ်ကြီး ဟုတ်လား"

ဆိုတဲ့ စကားကို အိမ်သားအားလုံး ပြိုင်တူ မေးလိုက်မိတယ်။

ဒေါ်မြပွင့်က ဘုရားစင်ရှိ ပရိတ်ရေပုလင်းကို သွားယူပြီး အကြောက်လွန်နေတဲ့ အေးချမ်းကို တိုက်လိုက်တယ်။

"ဒီအိမ်မှာ ဘာမကောင်းဆိုးဝါးမှ မရှိဘူး၊

ဘာမှမဟုတ်ဘူး၊ သူ နေ့လယ်က

သရဲကားတွေ ထိုင်ကြည့်နေတာ၊

အလကား ... လူတွေကို

ချောက်ချားအောင် လုပ်နေတယ်၊

သွားအိပ်တော့"

အဒေါ်ငယ်က သမီးဖြစ်သူကို မာန်မဲရင်း အိပ်ခန်းထဲ ဆွဲခေါ်သွားတယ်။



မနှင်းဆီတို့လည်း ကိုယ့်အခန်းကိုယ် ပြန်ဝင်ခဲ့ကြတယ်။

နာရီသံကသာ တချောက်ချောက်နဲ့ သွားနေတာ ...

မနှင်းဆီတစ်ယောက် အိပ်ရာပေါ် ဘယ်ညာလှည့်ရင်း အိပ်မရနိုင်ဘူး။

စိတ်ထဲမှာ အပြင်ဘဲ သိပ်ထွက်နေမိတယ်။

ဦးခေါင်းချုပ်ရိုးဆီမှ တဆစ်ဆစ်နာကျင်မှုကြောင့် ဒဏ်ရာမရှိတဲ့ဘက်ကို လှည့်အိပ်ရတယ်။

အဒေါ်ကြီးမြပွင့်ကတော့ အိပ်မောကျနေပြီ။

ဗိုက်ထဲက ဆာသလိုရှိတာနဲ့ မီးဖိုခန်းဘက်သွားပြီး ဆတ်သားခြောက်တွေ စားပစ်လိုက်တယ်။

မီးဖိုခန်းကနေ အိပ်ခန်းဆီ ပြန်အလာမှာတော့ သူမရဲ့ အခန်းထဲ ဝင်သွားတဲ့ အရိပ်တစ်ခုကို ရိပ်ခနဲ တွေ့လိုက်ရတယ်။

"ဟင် ... ဒီအချိန်ကြီး ဘယ်သူများ

www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲ ဝင်သွားပါလိမ့်”

အတွေးနဲ့အတူ သူမ ခပ်သွက်သွက် လျှောက်သွားလိုက်တယ်။

အခန်းထဲရောက်လို့ ကြည့်လိုက်တော့ ဘယ်သူမှမရှိဘူး။

“အင် ... နှင်းဆီ နင် ဘာလုပ်နေတာလဲ၊

ဘယ်သွားပြန်ပြီလဲ”

ဒေါ်မြပွင့်က နိုးလာပြီး လှမ်းမေးလိုက်တယ်။

မနှင်းဆီက အခန်းထဲ မျက်လုံးဝေ့ကြည့်ရင်း ...

“မိုက်ဆာလို့ ထတာ ဂျီး၊

အခန်းထဲ ဝင်သွားတဲ့

အရိပ် တွေ့လိုက်လို့

ရှာနေတာ”

“ဘယ်သူမှ ဝင်မလာပါဘူး နှင်းဆီရယ်၊

နင် ဘာတွေမြင်နေတာလဲ၊



ငါးနာရီတောင် ထိုးတော့မယ်

ခုထိ မအိပ်သေးဘူးလား၊

အိပ်တော့ ... လာခဲ့”

ဒေါ်မြပွင့်က သူမကို အိပ်ရာပေါ်ဆွဲတင်ပြီး စောင်ခြုံပေးလိုက်တယ်။

မနှင်းဆီလည်း အိပ်ပျော်အောင် အိပ်ဖို့ ကြိုးစားလိုက်ရတယ်။

တဖြည်းဖြည်းနဲ့ ... သူမ မျက်လုံးတွေ မှေးစင်းလာတယ်။

နိုးတဝက် အိပ်တဝက်ဖြစ်နေချိန်မှာပဲ ခုတင်ကြီး ဆတ်ခနဲ လှုပ်သွားတယ်။

လူရိပ်တစ်ခုက ခုတင်ရဲ့ခြေရင်းကနေ တရွေ့ရွေ့ သွားနေတယ်။

သူမအနားရောက်တော့ ရပ်သွားပြီး စူးစိုက်ကြည့်နေတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဆံပင်ဖားလျားချထားပြီး အင်္ကျီလက်ပြတ်နဲ့ မိန်းမတစ်ယောက်။

ထိုမိန်းမရဲ့မျက်နှာကြီးက သူမမျက်နှာနား တိုးကပ်လာပြီး ...

တစ်ကိုယ်လုံး ကိုယ်ထဲ ဖောက်ဝင်သွားသလို ခံစားလိုက်ရတယ်။

ထိုခံစားမှုကြောင့် သူမ ... ဆတ်ခနဲ တုန်သွားပြီး လန့်နိုးသွားတော့တယ်။

□□□

## အဲဒီမိန်းမက ... ဘယ်သူလဲ?

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁၁)

"အစ်မနှင်းရေ . . . ဒီမှာကြည့်ပါဦး"

ညီမဝမ်းကွဲ စိန်ကြီးက နှင်းဆီရှိရာလာပြီး သူ့ဖုန်းကို [illegible]ပြတယ်။

"ဒီဆော့ဝဲလေး မိုက်တယ်ဟ၊

နင့်ဖုန်းပေး ငါထည့်ပေးမယ်"

www.burmeseclassic.com

www.burmeseclassic.com



"ငါ ဘာမှမထည့်ချင်ဘူး ငစိန်ရာ၊

အေးအေး နေပါရစေဟာ"

စိန်ကြီးက မနှင်းဆီရဲ့ဟန်းဆက်ကို လှမ်းယူလိုက်ရင်း

"ဂိုစ်ရေဒါဟ … ကိုယ့်နားမှာ

သရဲရှိလား၊မရှိလား သိနိုင်တယ်ဟ၊

နင့်ဖုန်းထဲ ထည့်ပေးမလို့"

"ဘယ်လို … သရဲရှိတာ သိနိုင်တယ်

ဟုတ်လား၊ ဖြစ်နိုင်ပါ့မလား"

စိန်ကြီးက ဆော့ဝဲကို ထည့်ပေးရင်း …

"အင်း … မယုံရင် စမ်းကြည့်ပေါ့၊

ဂျီပီအက်ကို အရင်ဆုံးဖွင့်လိုက်၊

ပြီးတော့ … ဒီမှာလေ အစက်ဝိုင်းလေးတွေ

အရောင်နဲ့ ခွဲထားတာဟ၊

အစိမ်းရောင်က … အင်အားနည်းတယ်၊

အပြာက … အလယ်အလတ်၊



အနီရောင်က … အင်အားအကြီးဆုံးပဲလေ"

လို့ ပြောတဲ့အတွက် မနှင်းဆီ အရမ်းစိတ်ဝင်စားသွားတယ်။

ဒါ့ကြောင့် ဖုန်းကို ယူပြီး ကြည့်လိုက်မိတယ်။

ဖုန်းစခရင်မှာ ပေါ်နေတဲ့ စက်ဝိုင်းကြီး။

စက်ဝိုင်းကြီးရဲ့အလယ်ကို နှိပ်လိုက်တဲ့အခါ တီ … တီ … တီ ဆိုတဲ့ အသံလေး မြည်လာတယ်။

ခဏလေးအတွင်းမှာပဲ စက်ဝိုင်းကြီးရဲ့အတွင်းမှာ အပြာရောင်အစက်လေးက တလှုပ်လှုပ်နဲ့ ပေါ်လာတယ်။

"ဟင် … အစ်မ … နင့်နားမှာ

သ … သရဲ ရှိနေပြီ၊

တွေ့လား အပြာရောင်အစက်လေး၊

ငါ မနေရဲတော့ဘူး နင့်နားမှာ၊

ကြောက်စရာကြီး"

စိန်ကြီးက လန့်ဖျပ်ပြီး အနားက ထွက်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



"နင့်ဟာက ဟုတ်လို့လားဟယ်၊

ငါတော့ မဖြစ်နိုင်ဘူးလို့ ထင်တယ်"

သူမ,စကားကြောင့် စိန်ကြီးက အိမ်ပေါက်ဝက လှမ်းပြီး

"ငါ့ဖုန်းထဲကဟာ ဖွင့်ပြမယ်၊

နင်မယုံရင် လာကြည့်၊

နင့်ဖုန်းကြီး ယူမလာနဲ့"

လို့ ပြောတဲ့အတွက် မနှင်းဆီ ထ,သွားလိုက်တယ်။

"ဟာ ... ငါ့ထဲမှာလည်း အပြာစက်လေး

ပေါ်နေပါလား၊

နေဦး ... ငါ စမ်းကြည့်ဦးမယ်"

စိန်ကြီးက မနှင်းဆီနဲ့ ဝေးရာကို ထ,ထွက်သွားတယ်။

"ဟုတ်တယ် အစ်မနှင်း ... နင့်နားမှာ

သရဲရှိတာ သေချာတယ်၊

ငါ နင့်နားက ခွာလိုက်တော့ ရေဒါမှာ

ဘာအစက်မှ မရှိတော့ဘူး၊



အံ့သြစရာကြီးဟ"

စိန်ကြီးက ထိုသို့ပြောပြီး အငြိမ်မနေဘဲ ဒေါ်မြပွင့်ကို

သွားပြောတယ်။

ဒေါ်မြပွင့်ဟာ မျက်မှောင်ကြုတ်သွားပြီး ...

"ညည်းရဲ့ဆော့ဝဲက သေချာရဲ့လားအေ၊

ကြံကြံဖန်ဖန် ... သရဲရှာတဲ့ ဆော့ဝဲတဲ့၊

နှင်းဆီအနားမှာ သရဲက ဘာလို့ရှိရမှာလဲ"

လို့ ပြောလိုက်ချိန်မှာပဲ မီးဖိုခန်းဘက်က ဒေါ်မြခက်

ထွက်လာရင်း ...

"အစ်မကြီး ... မီးဖိုခန်းမှာ ငါထားထားတဲ့

ဆတ်သားခြောက်တွေ မရှိတော့ဘူး၊

နင် ဘယ်မှာ ပြောင်းထားလိုက်သေးလဲဟင်"

လို့ မေးလာတယ်။

ဒေါ်မြပွင့်က ခေါင်းခါယမ်းလိုက်တယ်။

"ငါ ဘာမှမလုပ်ပါဘူးဟယ်၊

www.burmeseclassic.com

www.burmeseclassic.com



သေချာရှာပါဦး၊

ဆိတ်သားခြောက်တွေ အများကြီးဟာ၊

ရှိမှာပါအေ"

ငင်းတို့နားရောက်လာတဲ့ မနှင်းဆီက ဒါကို ကြားသွား ပြီး ...

"ဩော် ... နှင်းဆီ

ဟိုညက ဗိုက်တအားဆာလို့

စားလိုက်မိတယ် အန်တီငယ်ရဲ့၊

ဈေးရောက်မှ ပြန်ဝယ်ပေးမယ်နော်"

သူမအပြောကြောင့် ဒေါ်မြပွင့်ရော၊ ဒေါ်မြခက်ပါ မျက်လုံးတွေ ပြူးကျယ်သွားကြတယ်။

"ဘယ် ... ဘယ်လို ... ဆိတ်သားခြောက်တွေ

နှင် စားပစ်လိုက်တယ် ဟုတ်လား ... ဟင်"

ဒေါ်မြခက်ရဲ့ ပြူးတူးပြဲတဲ အမူအရာကြောင့် ...

"အင်းလေ ... ဘာဖြစ်လို့လဲ၊



ပြန်ဝယ်ပေးပါမယ်ဆို ... အန်တီငယ်ကလဲ"

"တ ... တကယ်ကြီး စားပစ်လိုက်တာလား၊

အဲဒါ ... အစိမ်းတွေလေ နှင်းဆီ"

ဒေါ်မြပွင့်က မယုံနိုင်စွာ မေးလိုက်တဲ့အခါ မနှင်းဆီက

"အာ ... ဘယ်က အစိမ်းရမှာလဲ၊

ဖုတ်ပြီးသားကြီးပါ ဂျီးရဲ့၊

ဆာလွန်းလို့ စားပစ်လိုက်တာ

အားလုံးကုန်သွားတယ်၊

စားလို့သိပ်ကောင်းတာပဲ၊

နှင်းဆီ ရေသွားချိုးလိုက်ဦးမယ်နော် ဂျီး"

မနှင်းဆီ ထွက်သွားတဲ့အခါ ဒေါ်မြပွင့်တို့ညီအစ်မနှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်မိတယ်။

"နှင်းဆီ ဘာဖြစ်နေတာလဲ၊

ဆေးရုံက ဆင်းပြီးကတည်းက

လူပုံကြည့်ရတာ ငူငူငိုင်ငိုင်နဲ့၊

www.burmeseclassic.com

www.burmeseclassic.com



အသားခြောက်အစိမ်းတွေလည်း ...

ဒီအတိုင်းစားတယ်၊

တစ်ခုခုတော့ ဖြစ်နေပြီထင်တယ် အစ်မကြီး"

ဒေါ်မြခက်က အစ်မဖြစ်သူကို မျက်နှာမသာမယာနဲ့

ပြောလိုက်တဲ့အခါ ဒေါ်မြပွင့်က ...

"ဟုတ်တယ် အငယ်၊

ငါ့စိတ်ထဲမှာလည်း တစ်မျိုးကြီးဖြစ်နေတယ်၊

ဟိုညကလည်း ညသန်းခေါင်ကြီး

ကားစက်နှိုးပြီး အပြင်ထွက်မလို့

လုပ်နေတာ ... ငါ မနည်းပြန်ခေါ်ခဲ့ရတာ၊

နှင်းဆီနဲ့ပတ်သက်ပြီး ငါ့စိတ်ထဲ

လေးနေပြီ အငယ်"

□□□

# အမေဒါနုတ်ပေးဟာကို... ဘာလုပ်ကြမလဲ?

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁၂)

အချိန်က ညဆယ့်တစ်နာရီကျော်ပြီ။

ပတ်ဝန်းကျင်တစ်ခုလုံး အအေးဓာတ် ကြီးစိုးနေသလို တိတ်ဆိတ်မှုလည်း မင်းမူနေချိန်။

ထိုအချိန်မှာပဲ ...

ဒေါ်မြပွင့်တို့အိမ်ထဲကနေ ဝုန်းဝုန်းဒိုင်းဒိုင်းအသံတွေ

www.burmeseclassic.com

www.burmeseclassic.com



ထွက်ပေါ်လာတယ်။

အသံကြောင့် ဒေါ်မြပွင့်တို့ တစ်အိမ်သားလုံး လန့်နိုး သွားကုန်ကြတယ်။

အသံက စိန်ကြီးရဲ့အခန်းထဲက ထွက်ပေါ်နေတာမို့ အားလုံး ထိုနေရာဆီ ရောက်သွားကုန်တယ်။

မြင်လိုက်ရတဲ့ မြင်ကွင်းကြောင့် သူတို့အားလုံး မျက်လုံး ပြူးသွားရတယ်။

မနှင်းဆီနဲ့စိန်ကြီးဟာ အခန်းတွင်း လုံးထွေးသတ်ပုတ် နေကြတယ်။

"ဟဲ့ ... ဟဲ့ ... ဒါက ဘယ်လိုဖြစ်နေကြတာတုံး၊ အချိန်မတော်ကြီးကို"

စိန်ကြီးက ငိုကြီးချက်မနဲ့ ...

"အစ်မပေါ့ ... သမီး အိပ်နေတာကို လာပြီး ပြဿနာရှာတာ၊ သူ့လည်း ဘာမှမလုပ်ဘဲနဲ့



ဟိုတစ်လောက အနွေးထည်တစ်ထည်ကို သူ့ဟာသူ သမီးကို ပေးခဲ့တာ အဲဒါ ... အခု သမီး ခိုးဝတ်တယ်ဆိုပြီး ပြဿနာရှာတာ"

လို့ ဒေါ်မြပွင့်ကို တိုင်တန်းလိုက်တယ်။

မနှင်းဆီက ဒေါသတကြီးဟန်နဲ့ စိန်ကြီးကို စူးစူးရဲရဲ ကြည့်ပြီး ...

"နင်တို့နဲ့နေရတာ သိပ်စိတ်ပျက်ဖို့ကောင်းတယ်၊ မနေဘူး ... ဒီအိမ်မှာ မနေဘူး"

လို့ အော်ဟစ်ရင်း အိမ်ပြင်ဘက် ပြေးထွက်သွားတယ်။

အိမ်သားတွေ တားဆီးချိန်မရလိုက်စဉ်မှာပဲ မနှင်းဆီ တစ်ယောက် ကားမောင်းပြီး ထွက်သွားတော့တယ်။

"ဟာ ... ဒုက္ခပါပဲ၊ နှင်းဆီ ထွက်သွားပြန်ပြီ၊ သက်မောင် ... နင် ဆိုင်ကယ်နဲ့ အမြန်လိုက်သွား၊ နှင်းဆီက ခေါင်းချုပ်ရိုးတောင်

www.burmeseclassic.com

www.burmeseclassic.com



ဖြေရသေးတာ မဟုတ်ဘူး၊

သွေးစိမ်းရှင်ရှင် ထွက်ထားတာဟဲ့၊

မြန်မြန်လိုက်စမ်း"

ဒေါ်မြပွင့်ရဲ့ပြောစကားကြောင့် ဦးလေးဖြစ်သူ ဦးသက်မောင်ဟာ ဆိုင်ကယ်ထုတ်ပြီး လိုက်သွားရတယ်။

"အစ်မနှင်း ဘာဖြစ်နေလဲမသိဘူး၊

သူ့ကြည့်ရတာ သရဲကပ်နေသလို

ကြောက်ဖို့ကောင်းတယ်၊

ဘာမှမဟုတ်ဘဲနဲ့ကို လာပြီး ပြဿနာရှာတာ၊

မနေ့ကလည်း ဖုန်းထဲက ဆော့ဝဲနဲ့

ကြည့်တော့ သူ့နားမှာ သရဲတစ်ကောင်

ရှိနေတယ်"

စိန်ကြီးရဲ့စကားကို ဒေါ်မြခက်က ဝင်ပြီး ...

"ဟုတ်တယ် အစ်မကြီး၊

နှင်းဆီကို ငါတို့ ပအိုဆရာကြီးနဲ့



ပြရတော့မယ်၊

ငါ့သမီး အေးချမ်း ဟိုညက တွေ့တာ

နှင်းဆီမှာ ကပ်နေတာ သရဲမပဲ ဖြစ်ရမယ်၊

အိမ်ထဲမှာ မကောင်းဆိုးဝါးရှိနေတာ

လုံးဝမဖြစ်သင့်ဘူး"

လို့ ပြောလိုက်တဲ့အခါ ဒေါ်မြပွင့်က ...

"မနက်ကျရင် နှင်းဆီကို

ပအိုဆရာကြီးဆီ ခေါ်သွားရမယ်၊

ငါ့စိတ်ထဲ လေးနေတာတွေ

တကယ်ဖြစ်လာပါလား၊

အချိန်မှီပါစေလို့ ဆုတောင်းရမှာပဲ"

လို့ ရင်မောတဲ့စိတ်နဲ့ ရေရွတ်လိုက်တယ်။

အဲဒေါ်ငယ် ဒေါ်မြခက်က ဟန်းဖုန်းကို လှမ်းယူပြီး သက်မောင်ထံ လှမ်းဆက်ကြည့်တယ်။

"သက်မောင်ကလည်း ဖုန်းမကိုင်ဘူး၊

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ကယ်မောင်းနေလို့ထင်တယ်၊

နှင်းဆီကို ရှာတွေ့ပါ့မလား မသိဘူး၊

ငါ သိပ်စိတ်ပူနေပြီ”

ထိုညက ဒေါ်မြပွင့်တို့ ညီအစ်မနှစ်ယောက်လုံး နှင်းဆီအတွက် ပူပန်စိတ်နဲ့ အိပ်မရနိုင်အောင် ဖြစ်သွားကြရှာတယ်။

□□□

# မနှင်းဆီကို … ပြန်တွေ့ပါ့မလား?

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁၃)

မနက်သုံးနာရီလောက်မှာတော့ အိမ်ရှေ့က

ထားဟွန်းတီးသံ ကြားလိုက်ရတယ်။

ဒေါ်မြပွင့်တို့ စိတ်လှုပ်ရှားသွားပြီး ခြံတံခါးကို အပြေး

အလွှား သွားဖွင့်ကြတယ်။

ကားခြံထဲ ထိုးပြီးတဲ့အခါ ...

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ဟဲ့ သက်မောင် ... နှင်းဆီကို
ဘယ်မှာပြန်တွေ့ခဲ့တာလဲဟင်၊
နင်တို့ ကြာလို့ ငါတို့ စိတ်ပူနေတာ"

မနှင်းဆီက ဦးလေးဖြစ်သူနဲ့အတူ ကားပေါ်က ဆင်းလိုက်တယ်။

"ဂျီးတို့ ဘာဖြစ်နေကြတာလဲ၊
နှင်းဆီက ဘာဖြစ်လို့လဲဟင်၊
နှင်းဆီ တအားအိပ်ချင်နေတယ်"

နှင်းဆီရဲ့အပြောကြောင့် ဒေါ်မြပွင့်တို့ ပိုမိုအံ့အားသင့်သွားတယ်။

ဒေါ်မြပွင့်က မျက်လုံးတွေ မှေးစင်းနေတဲ့ နှင်းဆီကို ကြည့်ရင်း ...

"ဩော် ... အေး ... အေး ...
သွားအိပ်လိုက်တော့လေ နှင်းဆီ၊
ပြီးမှ ... ဂျီး လာခဲ့မယ်နော်"



နှင်းဆီ အိမ်ပေါ်တက်သွားတဲ့အခါ ဦးသက်မောင်က
"အစ်မကြီးတူမက တကယ်မလွယ်တာပဲ၊
ကျွန်တော် တစ်မြို့လုံး လိုက်ရှာတာ
သူ့ကို လုံးဝမတွေ့ဘူး၊
စိန်ဆေးရုံဘက်ရောက်တော့ စိတ်ထဲ
ထင့်နေတာနဲ့ မထူးပါဘူး ...
အဲဒီထိ သွားကြည့်လိုက်မယ်ဆိုပြီး
သွားကြည့်တာ ... အစ်မကြီးတူမလေး
မီးပုံးကွင်းရဲ့ ကားပါကင်မှာ
ကားရပ်ပြီး အိပ်ပျော်နေတာ၊
ကျွန်တော်လည်း သူ့ကို နိုးပြီး
ဆိုင်ကယ်ကို ထားပစ်ခဲ့ရတယ်၊
တွေးလို့မရဘူးဗျာ၊ ဒီလိုအချိန်ကြီး
လူသူပြတ်တဲ့ မီးပုံးကွင်းထဲ
ဘာသွားလုပ်လဲဆိုတာ"

www.burmeseclassic.com

www.burmeseclassic.com



လို့ ပြောလိုက်တဲ့အခါ ဒေါ်မြပွင့်က ရင်ဘတ်ဖိမိရင်း

"ဘုရား ... ဘုရား ...

မီးပုံးကွင်းထဲ သွားအိပ်နေတယ်

ဟုတ်လား၊

ကံကောင်းလို့ လူဆွဲမခံရတာ၊

တော်သေးတာပေါ့ နင်ရောက်သွားပေလို့၊

မဟုတ်ရင်တော့ မတွေးဝံ့ဘူး"

လို့ ရေရွတ်လိုက်မိတယ်။

"ကဲပါ အစ်မကြီးရယ် ...

အချိန်လည်း မိုးလင်းတော့မယ်၊

နားလိုက်ပါတော့၊

မိုးလင်းမှ ပြောထားတဲ့အတိုင်း

လုပ်ကြတာပေါ့၊

ခြံထဲမှာလည်း သိပ်အေးနေပြီ၊

အိမ်ထဲဝင်ကြရအောင်နော်"



ဒေါ်မြခက်က ထိုသို့ပြောရင်း စိတ်ပန်းလူပန်းဖြစ်နေတဲ့ အစ်မဖြစ်သူကို ဆွဲခေါ်သွားလိုက်တယ်။

ထိုနေ့မနက်က ရှစ်နာရီကျော်လောက်မှ သူတို့တစ်အိမ်လုံး အိပ်ရာနိုးကြတယ်။

မနက်စာ စားချိန်ရောက်တဲ့အခါ ...

မနှင်းဆီ ဝက်သားနဲ့မုန့်ညင်း အဆာဟင်းကို မြိန်ယှက်စွာ စားသောက်နေတယ်။

ခြေလေးချောင်းမစားတဲ့သူက ဝက်သားအဆာကို စားတဲ့အတွက် လူအားလုံး သူ့ကို ငေးစိုက်ကြည့်နေကြတယ်။

ဒေါ်မြပွင့်က စိတ်မသက်မသာဟန်နဲ့ သက်ပြင်းအသာချရင်း တစ်စုံတစ်ခုကို သတိရသွားတယ်။

"ဒီနေ့ နှင်းဆီ ဆေးရုံသွားပြီး

ဆေးထည့်ရမှာနော်၊

စားသောက်ပြီးရင် သွားကြရအောင်၊

ပြီးတော့ ... ဝါးပြားဘက်လည်း

www.burmeseclassic.com

www.burmeseclassic.com



သွားရဦးမယ်"

မနှင်းဆီက စားနေရာကနေ မျက်လုံးလှန်ကြည့်ပြီး

"ဝါးပြားဘက်သွားမယ် ဟုတ်လား၊

ဘာသွားလုပ်မလို့လဲ ကိုး"

"ကိစ္စလေးရှိလို့ပေါ့ နှင်းဆီရယ်၊

ဆေးရုံသွားရင် တစ်ခါတည်း

ဝင်လိုက်မလို့လေ"

□□□

# ဆေးရုံမှာ ... ဘာသောက်ဖြစ်မလဲ?

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁၄)

ပရိဘောဂကားအဖြူလေးဟာ စပ်စပ်ထွန်း

ဆေးရုံကြီးရဲ့ ကားပါကင်မှာ ရပ်တန့်လိုက်တယ်။

ကားမောင်းပို့ပေးတဲ့ ဦးသက်မောင်က ကားပေါ်ကျန်ရစ်း ဒေါ်မြပွင့်တို့ညီအစ်မနဲ့ မနှင်းဆီက ဆေးရုံကြီးထဲ ဝင်သွားကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဆေးထည့်ခန်းရောက်တော့ ဆေးထည့်တဲ့လူနာရှိနေတဲ့ အတွက် သူတို့ခုံတန်းလေးမှာ ထိုင်စောင့်နေရတယ်။

ဒေါ်မြပွင့်ဟာ ဘေးခုံမှာ ထိုင်နေတဲ့ လသားအရွယ်နဲ့ အမျိုးသမီးကို သတိပြုမိသွားတယ်။

ထိုလသား့ကလေးလေးရဲ့မျက်လုံးတစ်ဖိုက်နဲ့ပါးပြင်မှာ ဒဏ်ရာကြီးတွေ ရှိနေတာကြောင့် ...

"ကလေးက ဘာဖြစ်တာလဲဟင်၊

သနားစရာကွယ် ... ဒဏ်ရာတွေနဲ့"

ထိုအမျိုးသမီးရဲ့မျက်နှာမှာ ယူကျုံးမရနိုင်တဲ့အရိပ်တွေ ယှက်သန်းသွားတယ်။

"ပွဲရက်ကလေ ... ကျွန်မတို့ ဈေးရောင်းတဲ့

တဲပေါ် မီးကျည်ကျခဲ့တယ်၊

ကလေးနှစ်ယောက်က တဲထဲအိပ်ပျော်နေတော့

ကလေးတွေ မီးကျည်ထိသွားကြတာပါပဲရှင်"

ကလေးအမေရဲ့ ဆို့နင့်နင့်အသံကြောင့် ... ဒေါ်မြပွင့်



စိတ်မကောင်းဖြစ်မိသွားတယ်။

"စိတ်မကောင်းလိုက်တာ မိန်းကလေးရယ်၊

ကျန်တဲ့ကလေးကရော ကျန်းမာရဲ့လား"

ဒေါ်မြပွင့်ရဲ့အမေးကြောင့် ထိုမိန်းကလေးဟာ မျက်ရည် ပေါက်ခနဲ ကျလာပြီး

"ဒါက သားငယ်လေးပါ၊

သား ... သားကြီးက ငါးနှစ်ပဲ ရှိပါသေးတယ်၊

အဲဒီည ... မီးကျည်က မီးစတွေ ထိမှန်ပြီး

ပွဲခင်းထဲမှာပဲ ... ဆုံး ... ဆုံးပါးခဲ့ရပါတယ်ရှင်"

လို့ တုန်ယင်သံနဲ့ ပြောပြရှာတယ်။

ဒေါ်မြပွင့်တို့ညီအစ်မဟာ စိတ်မကောင်းလွန်းတဲ့ အတွက် 'ဟင်' ခနဲ ပြိုင်တူ ရွတ်လိုက်မိတယ်။

ငြိမ်ငြိမ်ကြီးထိုင်နေတဲ့ မနှင်းဆီဟာ ရုတ်ချည်းဆိုသလို ဒေါ်မြပွင့်တို့ ထိုင်ရာဘက် ဆတ်ခနဲ ခေါင်းလှည့်လာတယ်။

ဒေါ်မြပွင့်ရဲ့ဘေးမှာက ထိုကလေးအမေ ထိုင်နေသည်

www.burmeseclassic.com



မဟုတ်ပါလား။

"သူ ... မသေပါဘူး အစ်မကြီးရဲ့၊

ဘေးမှာ ရပ်နေတာပဲ၊

အစ်မကြီး လျှောက်မပြောပါနဲ့"

မနှင်းဆီရဲ့ လက်ညှိုးထိုးပြောလိုက်တဲ့ စကားကြောင့်

သူတို့အားလုံး မှင်တက်သွားတယ်။

"ဒါ ...နောက်ပြောင်စရာမဟုတ်ဘူး

ညီမလေးရယ်၊

အစ်မကို စိတ်မကောင်းအောင်

မပြောပါနဲ့ကွယ်"

"ကျွန်မ တကယ်ပြောတာ၊

အစ်မရဲ့ကလေးက အနွေးအင်္ကျီ

အနီရောင်နဲ့ ဘောင်းဘီရှည်အကွက်လေးနဲ့

ရပ်နေတာပဲဟာ"

ထိုအမျိုးသမီးက ပါးစပ်အဟောင်းသား မျက်လုံးအပြူး



သားနဲ့ သူမကို စူးစိုက်ကြည့်နေတယ်။

"ရှင် ... ဒါ ... ဒါ ... ကျွန်မသားလေး

ဆုံးတဲ့ညက ဝတ်ထားတဲ့ ဝတ်စုံပဲ၊

ဒါဆို ... တကယ်ပဲ အနားမှာ ရှိနေတာပေါ့၊

သားလေးရေ ... သားလေးရဲ့ ...

အီး ... ဟင့် ... ဟင့် ... ဟင့်"

ဒေါ်မြပွင့်နဲ့ဒေါ်မြခက်တို့ဟာ ကလေးအမေနဲ့ မနှင်းဆီကို တစ်လှည့်စီကြည့်ရင်း ဘာပြောရမှန်းမသိအောင် ဖြစ်သွားကြတယ်။

ဒီအချိန်မှာပဲ ဆေးထည့်ခန်းက လူနာထွက်လာတဲ့အတွက် အခန်းထဲ ဝင်သွားကြရတယ်။

ဆေးထည့်ဆရာက မနှင်းဆီရဲ့ခေါင်းက ဒဏ်ရာကို ကြည့်ရင်း ...

"အနာက ကျက်တော့မယ်၊

ဆေးတော့ ပုံမှန်သောက်ပေးပါ၊

www.burmeseclassic.com

www.burmeseclassic.com



သဘက်ခါဆို ချုပ်ရိုးဖြေလို့ရပါပြီ”

လို့ ပြောပြီး ဆေးထည့်ပေးတယ်။

“ဆရာကသာ အနာကျက်တော့မယ် ပြောတာ၊

အနာက အတွင်းထဲက နာနေတုန်းပဲရှင့်၊

ညဘက်ဆို အိပ်လို့တောင်မရဘူးလေ”

မနှင်းဆီရဲ့အပြောကြောင့် ဆေးထည့်ဆရာက ပတ်တီး

အသစ်စည်းပေးရင်း ...

“သြော် ... ဒါကတော့ ညီမရယ်

ခေါင်းကို အစိမ်းချုပ် ချုပ်ထားရတော့

ဒီလောက်တော့ နာကျင်နေမှာပေါ့၊

ဘာမှစိတ်မပူပါနဲ့၊

ပျောက်တော့မှာပါ”

လို့ နှစ်သိမ့်စကား ဆိုလိုက်တယ်။

□□□

# မနှင်းဆီ ... ဘာတွေကြုံရဦးမလဲ?

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁၅)

**ပေနှစ်ဆယ်ပတ်လည်** ဝါးအိမ်လေးတစ်လုံး။

အိမ်လေးထဲက ပျံ့လွင့်လာတဲ့ အမွှေးတိုင်ရနံ့ မွှေးအီအီကြီးကြောင့် မနှင်းဆီရဲ့ခေါင်းထဲ မူးနောက်သလို ခံစားနေရတယ်။

ဝါးအိမ်လေးရဲ့အပေါ်ကို တက်လိုက်တော့ အိမ်နဲ့မလိုက်

www.burmeseclassic.com

www.burmeseclassic.com



အောင် ကြီးမားတဲ့ ဘုရားခန်းကြီးကို တွေ့ရတယ်။

ဘုရားစင်ရဲ့ရှေ့ သင်ဖြူးဖျာပေါ်မှာတော့ ရှမ်းတိုက်ပုံ အနွမ်းလေးဝတ်ထားတဲ့ အဘိုးအိုတစ်ဦး။

ထိုအဘိုးအိုကိုကြည့်ရင်း ဘာကြောင့်မှန်းမသိဘဲ မနှင်းဆီစိတ်ထဲ ကြောက်စိတ်ဝင်သွားမိတယ်။

ဒါကြောင့် ... ဒေါ်မြပွင့်ရဲ့လက်ကို ဖက်တွယ်ထားလိုက်ရတယ်။

"ထိုင်ကြကွယ် ... ထိုင်ကြ၊

ဘယ်လိုဒုက္ခတွေများ ကြုံဆုံခဲ့ကြသလဲကွဲ့"

အဘိုးအိုက ထိုသို့မေးရင်း မနှင်းဆီကို ကြည့်နေတယ်။

အဘိုးအိုရဲ့မျက်နှာဟာ အေးချမ်းသလောက် မျက်လုံးတွေက စူးရှလွန်းတယ်လို့ မနှင်းဆီ ခံစားရတယ်။

"ဩော် ... ညှို့သည်က ...

လေးယောက်တောင်ပါလား၊

ကဲ ... ကဲ ... သင့်တော်တဲ့နေရာမှာ ထိုင်ကြပါ"



အဘိုးအိုရဲ့စကားကြောင့် ဒေါ်မြပွင့်တို့ညီမတွေ 'ရှင်' ခနဲ ရေရွတ်လိုက်မိတယ်။

"လာမယ့်လာတော့လည်း အမျိုးသမီးချည်း

လေးယောက်ပါလား၊

သုံးယောက်ကတော့ တစ်နေရာတည်းကပါပဲ၊

ကျန်တစ်ယောက်ကတော့ ..."

အဘိုးအိုက ထိုသို့ပြောပြီး ဒီဘက်ခေတ်မှာ ရှားပါးသွားပြီဖြစ်တဲ့ သစ်သားဆေးတံကြီးကို ဖွာရှိုက်လိုက်တယ်။

ဒေါ်မြခက်တို့ဟာ ၎င်းတို့ရဲ့အားဘီဝဲယာကို မျက်လုံးဝေ့ကြည့်ရင်း ...

"ဟုတ်ပါတယ် အဘရယ်၊

ကျွန်မတို့သုံးယောက်က တစ်အိမ်တည်းနေတဲ့

သူတွေပါ၊

ဒါ ... ဒါပေမဲ့ ... ကျန်တစ်ယောက်ဆိုတာက"

လို့ မေးလိုက်တဲ့အခါ အဘိုးအိုက ...

www.burmeseclassic.com

www.burmeseclassic.com



"စောစီဘူတာ ရထားသံလမ်းက အစိမ်းမကွဲ."

"ဟင် ... အစိမ်းမ ... အစိမ်းမ ...

ဟုတ်လား အဘ"

"ဟုတ်ပါတယ်၊ ကဲ ... ကလေးမလေး

ရှေ့ကိုတိုးခဲ့ပါ"

မနှင်းဆီကို လက်ညှိုးထိုးပြောလိုက်တဲ့အတွက် မနှင်းဆီလည်း ကြောက်ရွံ့စွာပဲ ရှေ့တိုးလိုက်ရတယ်။

ပြီးတော့ အဘိုးအိုက လက်အုပ်ချီခိုင်းပြီး ဘုရားကို အာရုံပြုခိုင်းတယ်။

"ကဲ ... သံလမ်းပေါ်က အစိမ်းမ ...

ဘာကြောင့် ဒီကလေးမကို ပူးချည်ခွာချည်

လုပ်နေရသလဲ၊

ကျုပ်ကို မလိမ်မညာပြောစမ်း"

မနှင်းဆီရဲ့လက်ဖျားတွေ အေးစက်ပြီး ဆတ်ဆတ်တုန်လာတယ်။



အတန်ကြာတဲ့အထိ ငြိမ်သက်နေတဲ့အတွက် ...

"မေးနေတယ် ဖြေလေ၊

ကျုပ်က မေတ္တာသမားပါ၊

သင့်အနေနဲ့ ဘာမှထိတ်လန့်စရာမလိုပါဘူး၊

ဘာကြောင့် ပူးကပ်နေရသလဲ၊

ဘာအလိုရှိသလဲ ဖြေပါ"

မနှင်းဆီရဲ့ နှုတ်ခမ်းအစုံ တဖြည်းဖြည်း လှုပ်ရှားလာတယ်။

"ဟုတ် ... ကျွန်မ ... ငါက ...

စောစီသံလမ်းပေါ်က အစိမ်းမ၊

လွန်ခဲ့တဲ့နှစ်တွေ အကြာကြီးထဲက

ငါ ရထားကြိတ်ခံရလို့ ခေါင်းပြတ်သေခဲ့တယ်၊

ဒီကလေးမ ... ငါ့နေရာ၊ ငါ့ပိုင်နက် ... မှာ

ငါ့ခေါင်းပေါ်ကို ... သေးပေါက်ချတယ်၊

ဒါ ... ကို မကျေနပ်လို့ ... သူ့နောက်လိုက်ခဲ့တာ၊

www.burmeseclassic.com

www.burmeseclassic.com



ငါ့ကို မတောင်းမှန်သရွေ့ ... လုံးဝမကျေနပ်ဘူး၊

ငါ့အတွက် ... နေစရာ ... စားစရာမရှိဘူး၊

ငါ့အတွက် ... ဒါတွေလုပ်ပေးမှ ...

ကျေနပ်မယ် ... ကျေနပ်မယ်"

"ကောင်းပြီ အစိမ်းမ၊

နင့်နေရာမှာ ကာယကံရှင်ကိုယ်တိုင်

လာပြီး တောင်းပန်ပေးမယ်၊

နင့်အတွက် ကောင်းမှုပြုပေးမယ်၊

ဒါဆို နင် ကျေနပ်တော့၊

ခုချိန်ကစပြီး ဒီကလေးမကို နှောက်နှောင်

ဘယ်တော့မှ မနှောင့်ယှက်ရဘူး ...

ကတိပေးပါ၊ ငါ ဆရာရဲ့ကတိလည်း

တည်စေရမယ်"

မနှင်းဆီရဲ့ကိုယ်ခန္ဓာ ယိမ်းထိုးသွားတယ်။

"ငါ ... လက်ခံ ... တယ် ...



ငါ ... လက်ခံတယ်"

ဩရှရှအသံကြီးအဆုံးမှာတော့ မနှင်းဆီတစ်ယောက်

ဘေးကို ပျော့ခွေကျသွားရှာတယ်။

ဝါးပြားဆရာကြီးဦးစိုင်းက ကြေးအိုးထဲက ရေစင်နဲ့

မနှင်းဆီရဲ့ကိုယ်ပေါ် ပက်ဖျန်းပေးလိုက်တယ်။

"နှင်းဆီ ... နှင်းဆီ ... တူမလေး"

ဒေါ်မြပွင့်က သူမရဲ့ကိုယ်ကို ပွေ့ထူရင်း တတွတ်တွတ်

ခေါ်လိုက်တယ်။

ညည်းညူသံနဲ့အတူ မနှင်းဆီဟာ မျက်လုံးပွင့်လာပြီး

အဘိုးအိုကို ဦးချကန်တော့လိုက်တယ်။

အဘိုးအိုက အနီရောင်လက်ဖွဲ့ကြိုးကို မနှင်းဆီရဲ့လက်

မှာ ချည်ပေးရင်း ...

"ခုချိန်ကစပြီး ကလေးမကို ဘာမကောင်းတာမှ

ကပ်လို့မရတော့ဘူး၊

ဟောဒီလက်ဖွဲ့ကြိုးကို အမြဲဝတ်ထားပါ၊

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းကြောင်းကြောင့် ပျောက်ရှခဲ့ရင်လည်း
ချက်ချင်း ကျုပ်ဆီ ပြန်လာခဲ့ပါ”
“ကျေးဇူးတင်ပါတယ် ဆရာကြီးရယ်၊
ဆရာကြီးရဲ့ပညာစွမ်းကတော့ အံ့မခန်းပါပဲရှင်၊
ကျွန်မတူမလေးဟာ ပွဲရက်တုန်းက
သံလမ်းဘက်မှာ အပေါ့သွားရင်ကနေ
လဲကျလို့ ခေါင်းကွဲခဲ့ရပါတယ်၊
အဲ့အချိန်တည်းက ညဘက်ဆို
သူ လုံးဝမအိပ်ဘဲ သန်းခေါင်ချိန်ရောက်တာနဲ့
အပြင်ကို ထွက်ချင်နေခဲ့တယ်၊
တစ်နေ့ကလည်း ... သန်းခေါင်ချိန်ကြီး
ကားမောင်းထွက်သွားတာ မီးပုံးကွင်းထဲက
သူ ခေါင်းကွဲခဲ့တဲ့နေရာမှာပဲ
ပြန်ရှာတွေ့ခဲ့ပါတယ်၊
ခုလို အကူအညီပေးတဲ့အတွက်



ဆရာကြီးကို ဘယ်တော့မှမမေ့ပါဘူး၊
ဆရာကြီး ခုနက ကတိပြုလိုက်တဲ့အတိုင်းလည်း
ကျွန်မတို့ အဲဒီနေရာကိုသွားပြီး
တောင်းပန်ပေးပါ့မယ်ရှင်”
ဒေါ်မြပွင့်ရဲ့စကားဆုံးတဲ့အခါ မနှင်းဆီက ...
“ဟုတ်ပါတယ် ဆရာကြီး၊
မီးပုံးပျံပွဲခင်းထဲမှာ ခေါင်းကွဲပြီးကတည်းက
ကျွန်မအနား မိန်းမတစ်ယောက် ရှိနေသလို
ခံစားခဲ့ရတယ်၊ ခြေလေးချောင်းကို
မစားတဲ့ ကျွန်မ အသားတွေပဲ
စားချင်စိတ် ဖြစ်ခဲ့ရပါတယ်၊
ညဆို ... ဆယ့်နှစ်နာရီထိုးတာနဲ့ စိတ်က
အပြင်ကိုပဲ ထွက်ချင်ခဲ့မိတယ်၊
ဆရာကြီးသာ မကူညီခဲ့ရင် ကျွန်မတော့
ဘယ်အချိန်ထိ မကောင်းဆိုးဝါးကပ်တာ

www.burmeseclassic.com

www.burmeseclassic.com



ခံနေရမလဲ မသိပါဘူး၊

ကျေးဇူးသိပ်တင်ပါတယ် ဆရာကြီး၊

နောင်နောင်ကို အနေအထိုင်၊ အသွားအလာ

ဆင်ခြင်ဖို့လည်း ဆုံးဖြတ်လိုက်မိပါတယ်ရှင်"

လို့ ပြောလိုက်တော့တယ်။

ဝါးပြားဆရာကြီးရဲ့အိမ်က အပြန်လမ်းမှာတော့ မနှင်းဆီရဲ့တစ်ကိုယ်လုံး ပေါ့ပါးလန်းဆန်းသလို ခံစားနေရတယ်။

❒

အချိန်က နေဝင်ရီတရောကာလ ...

တောင်ကြီးမြို့ရဲ့ဆောင်းက လိုအပ်တာထက် ပိုအေးလွန်းနေတယ်။

မီးပုံပျံကျွင်းတစ်နေရာရှိ ကားပါကင်နေရာ ...

ကုန်းမြင့်ဖြစ်သလို၊ အလေ့ကျပင်တချို့နဲ့ ရှုအေးသာလမ်းသာ ရှိတယ်။

ပရိဘောဂကားအဖြူလေးဟာ ထိုကုန်းမြင့်ထက်

www.burmeseclassic.com

www.burmeseclassic.com



မောင်းတက်သွားသော် ...

သံလမ်းနဲ့အနီးဆုံးနေရာတစ်ခုမှာ ကားလေးက ရပ်တန့်လိုက်ရင်း ဒေါ်မြပွင့်နဲ့ မနှင်းဆီတို့ ကားပေါ်က ဆင်းလိုက်ကြတယ်။

လူသူကင်းမဲ့တဲ့နေရာဖြစ်တာကြောင့် ပတ်ဝန်းကျင်ဟာ စိတ်ချောက်ချားဖွယ်ကောင်းလောက်အောင် ခြောက်ကပ်တိတ်ဆိတ်လွန်းနေတယ်။

မနှင်းဆီဟာ ရေခွက်တစ်ခွက်ကိုင်ရင်း သံလမ်းရဲ့တစ်နေရာဆီ လျှောက်သွားတယ်။

ထိုနေရာက သူမ ခေါင်းကွဲခဲ့တဲ့နေရာ။

သံလမ်းကို သေချာငုံ့ကြည့်မိတော့ ခြောက်ကပ်နေတဲ့ သွေးကွက်တချို့ကို တွေ့ရတယ်။

ဒီနေရာ ... ခေါင်းကသွေးတွေ ကျန်ခဲ့တဲ့နေရာပါပဲ။

မနှင်းဆီဟာ ထိုသွေးကွက်နေရာကို ရေလောင်းချရင်း

"ဒီနေရာမှာရှိတဲ့ ပရလောကသားတွေကို



ကျွန်မ လာပြီးတောင်းပန်တာပါ၊

အမှားတွေ လုပ်ခဲ့လို့ရှိရင်လည်း

မရည်ရွယ်ဘဲ ဖြစ်သွားခဲ့တာမို့

ခွင့်လွှတ်ပေးဖို့ တောင်းပန်ပါတယ်"

လို့ နှုတ်က ရေရွတ်လိုက်တယ်။

ဒီအချိန်မှာပဲ ဒေါ်မြပွင့်က ဖက်နဲ့ထုပ်ထားတဲ့ ထမင်းထုပ်ကို ယူလာပေးတယ်။

မနှင်းဆီက ထိုထမင်းထုပ်ကို ကိုင်ပြီး ...

"ဒီမှာရှိတဲ့ ပရလောကသားတွေကို

ကျွန်မပြုခဲ့တဲ့ ကောင်းမှုအားလုံးကို

အမျှပေးဝေပါတယ်၊

မြင်အပ်၊မမြင်အပ် ပရလောကသားအားလုံးကို

မေတ္တာပစ်ကျွေးပါတယ်"

လို့ ရေရွတ်ရင်း ထမင်းထုပ်ကို သံလမ်းပေါ် ကျော့ချိုင်းရင်း နောက်ပြန်ပစ်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတဲ့အခါ ... ဒေါ်မြပွင့်နဲ့ မနှင်းဆီတို့ဟာ သံလမ်းဘက် ပြန်လှည့်မကြည့်ဘဲ ကားရှိရာ တရွေ့ရွေ့လျှောက်သွားလိုက်ကြတယ်။

ကားပေါ်ရောက်တော့ ဦးလေးဖြစ်သူ ဦးသက်မောင်က

"ကဲ ... ခေါင်းကွဲလို့ သွေးကျတဲ့နေရာမှာ

ရေလဲလောင်းပြီးပြီ၊ မြေစာလည်း ကျွေးပြီးပြီ၊

ခုချိန်ကစပြီး ...

နှင် စိတ်အေးလက်အေး နေပေတော့၊

မနက်ဖြန်ဆို ...

အနာလည်း ချုပ်ရိုးဖြေရပြီလေ"

လို့ ပြောလိုက်တယ်။

ဒေါ်မြပွင့်က မနှင်းဆီရဲ့လက်ကို ဆုပ်ကိုင်ပြီး ...

"အသွားမတော်တစ်လှမ်း ... ဆိုတာ

ယုံပြီလား နှင်းဆီ၊

ကိုယ်က သွားရင်းလာရင်း



အပေါ့အလေး သွားချင်တယ်ဆိုရင်

အဲဒီနေရာက ဆိုင်ရာပိုင်ရာတွေကို ...

ရည်ရွယ်ပြီး ကန်တော့ကန်တော့လို့

ပြောရတယ်၊ နေရာတိုင်းမှာ ...

ကိုယ့်မျက်စိနဲ့ မမြင်တွေ့နိုင်တဲ့

ပရလောကသားတွေ ရှိနေတတ်တယ်ကွဲ့၊

နောင် သတိထားရမယ်နော် နှင်းဆီ"

လို့ ပြောလိုက်တဲ့အခါ မနှင်းဆီက ခေါင်းညိတ်ပြုံးရင်း

"ဟုတ်ကဲ့ပါ ကျီးရယ်၊

နှင်းဆီ နောက်ဆင်ခြင်ပါ့မယ်"

ဒီနောက်မှာတော့ မနှင်းဆီတို့ ကားလေးက မီးပုံးလွတ်တဲ့ ကွင်းကြီးထဲကနေ တရွေ့ရွေ့ ထွက်ခွာသွားတော့တယ်။

ထိုအချိန် ...

သံလမ်းရှိရာ ကုန်းမြင့်လေးထက်မှာတော့ ဆောင်းလေတွေက တဝေ့ဝေ့တိုက်ခတ်နေတယ်။

www.burmeseclassic.com

www.burmeseclassic.com



ရထားသံလမ်းပေါ်မှာ ထမင်းထုပ်လေးဟာ တိုက်ခတ်နေတဲ့လေနဲ့အတူ လှုပ်ယမ်းသွားတယ်။

ထမင်းထုပ်ကို ချည်ထားတဲ့ နှီးကြိုးဟာ ပြေသွားပြီး ထမင်းထုပ်ကြီး ပွင့်ထွက်သွားတယ်။

ထမင်းနဲ့ ဝက်သားဆီပြန်ဟင်း ... လူခြောက်ယောက်စားစာလောက်ရှိတယ်။

စက္ကန့်ပိုင်းအတွင်းမှာပဲ ထိုနေရာတစ်ခုလုံး လေတိုးသံအကျယ်ကြီးနဲ့အတူ မကောင်းဆိုးဝါးရယ်သံတွေလို အသံတွေပါ ပွဲတင်ထပ်သွားတယ်။

နှစ်မိနစ်မျှ ကြာတဲ့အခါ လေငြိမ်သွားသလို ပွဲတင်သံတွေပါ ပျောက်ဆုံးသွားတယ်။

ရထားသံလမ်းထက်မှာတော့ ထမင်းထုပ်၊ ထုပ်ထားတဲ့ ဖက်ရွက်လေးက အထီးကျန်စွာ ကျန်ရှိနေခဲ့တော့တယ်။

❐

BURMESE CLASSIC

[ ဒီစာအုပ်ဟာ ဇာတ်လမ်းမဟုတ်ပါဘူး။
တောင်ကြီးမီးပုံးပွဲမှာ တကယ်ဖြစ်သွားခဲ့တဲ့ ...
အဖြစ်မှန်ကို လူငယ်ပရိသတ်တွေအတွက် ...
အသွားမတော်တစ်လှမ်း ... ဆိုတဲ့
အသိလေးပေးချင်လို့ ရည်ရွယ်ပြီး
ရေးဖွဲ့ထားခြင်းပါ။

www.burmeseclassic.com

www.burmeseclassic.com



ဖာတ်လမ်းဆင်ထားတာ မဟုတ်တဲ့အတွက် . . .

ဖတ်ရှုတဲ့အခါ လိုအပ်ချက်တွေ ရှိခဲ့ရင်လည်း

နားလည်ပေးပါလို့ . . . ]

□ □ □

“အစိမ်းမ”

မအိုစာ

(မအိုစာနှင့်ဆက်သွယ်လိုပါက maosar99@gmail.com)

BURMESE CLASSIC
www.burmeseclassic.com